## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်းဖြင့် မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည့် လူထုကြားက မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၈)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဆောင်းပါး

**FPTP စနစ် ချည်းသာလော … PR စနစ်ကိုလည်း ပါစေချင်ပါသည်** စာ - ၁၁ သို့


**ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ဘုရားလေးဆူ မိုးကြိုးလွှဲတပ်ဆင်ပြီးဖြစ်** စာ - ၁၄ သို့

## အထူးမိုးလေဝသသတင်း

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ စာမျက်နှာ ၁၃ ကော်လံ ၁ ⏭






**၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူနေမှုမြင်ကွင်း** စာ - ၆ သို့

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ အနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း** စာ - ၇ သို့

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း တတိယနေ့ကောက်ယူနေပါသည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်)

# လောကကိုအလှဆင် သစ်ပင်ကိုမြတ်နိုးတန်ဖိုးထား

မိုးရာသီရောက်လာသည်နှင့် နိုင်ငံတစ်ဝန်းတွင် သစ်ပင်မျိုးစုံစိုက်ပျိုးခြင်းဆောင်ရွက်လာကြသည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ အမြဲထာဝရရှိနေမည့်ကုသိုလ်ဖြစ်သည်။ ကောင်းမှုပြုလုပ်သူများအတွက် ကောင်းကျိုးခံစားရမည်မှာအမှန်ပင်ဖြစ်သည်။ သစ်ပင်စိုက်သည့်အတွက် လက်တလောရရှိလိုက်သည့်အကျိုးသည် စိတ်ချမ်းသာသည်။ ကျန်းမာရေးကောင်းသည်။ သီးပင်စားပင်စိုက်ပျိုးကြမည်ဆိုလျှင် အဆိုပါသီးပင်စားပင်မှ မိမိတို့အိမ်အတွက် ငွေကုန်ကြေးကျသက်သာသည်။ ပိုလျှံသဖြင့် ရောင်းချပါက အပိုဝင်ငွေရရှိမည်။ လူတိုင်းသည်ဝင်ငွေနှင့်ထွက်ငွေကိုညီမျှအောင် သုံးစွဲနေကြရသူများဖြစ်သည်။

သစ်တောများတည်ရှိရှင်သန်နေခြင်းသည် "အတိတ်ကာလ၏အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွားနှင့် အနာဂတ်၏ဖွံ့ဖြိုးမှု"ဟုဆိုပါသည်။ ထိုသို့ဆိုထားသည့်အတိုင်း သစ်တောများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ သစ်တောများထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျစီမံအုပ်ချုပ်ခြင်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ လူများ၏အခြေခံလိုအပ်ချက်ဖြစ်သည့်စား၊ ဝတ်၊ နေရေးကို သစ်ပင်သစ်တောများက ဖြည့်ဆည်းပေးလျက်ရှိသည်။ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းကာကွယ်ခြင်းဖြင့် လေကောင်းလေသန့်များရရှိစေခြင်း၊ ရာသီဥတုအေးမြ၍မျှတစေခြင်း၊ ရေကောင်းရေသန့်များရရှိစေခြင်း၊ ရေလှည့်ပတ်မှုစနစ်မှန်ကန်စေရန် ထိန်းသိမ်းပေးခြင်း၊ သဘာဝစမ်းရေထွက်များဖြစ်ပေါ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝစေခြင်း၊ မြေဆီလွှာထိန်းသိမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိသည်။

သစ်ပင်စိုက်ပျိုးရာတွင်“ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း”ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့်ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်မှုမဖြစ်မနေလိုအပ်ပေသည်။ ပျိုးပင်အဖြစ်နှစ်နှစ်တာရှင်သန်ဖြစ်ထွန်းလာသည့်အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါကပိုမိုရှင်သန်မည်ဖြစ်သည်။ စိုက်ပျိုးပင်များရှင်သန်အောင်မြင်စေရန်မှာ နေရာဒေသနှင့်ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ အကွာအဝေးနှင့်စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်ပင်သစ်တောများရှိခြင်းသည် လူသားများနေထိုင်သည့် ပတ်ဝန်းကျင်သာယာလှပမှုကိုဖြစ်ပေါ်စေပြီး လူနှင့်သက်ရှိတို့အတွက် ကောင်းကျိုးများကိုရရှိစေသည်။ သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးလျက်ရှိပေရာ အနာဂတ်တွင်စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်ပင်များကို စနစ်တကျဖြင့်ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးလျက်ရှိသည့် မြင်ကွင်းများမှာ မိုးရာသီ၏အလှပန်းချီများဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင်သစ်ပင်စိုက်နေကြသည့်မြင်ကွင်းများကို မြင်တွေ့ရသည်မှာ စိတ်တွင်အေးချမ်းခြင်း၊ ကြည်နူးချမ်းမြေ့ခြင်းပီတိများကိုဖြစ်ပေါ်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၇ ရက်က ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ် **“မကြာမီကဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှတောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့်စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံးထိခိုက်ပျက်စီးမှုကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကိုစနစ်တကျထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့်ရေစီးဆင်းမှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူမျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက်တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်မှ၂၀၂၄ ခုနှစ်တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၁ ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့်အရိပ်ရလေကာပင်စုစုပေါင်း ၂၀၁၂၂၅ ပင်စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ တပ်မတော်တစ်ရပ်လုံးအနေဖြင့် စက်တင်ဘာလ ၂၇ ရက်တွင် စုစုပေါင်းသစ်ပင် ၂၂၁၅၇၇၃ ပင်စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည်သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နေသည်မှာ လောကကိုအလှဆင်သစ်ပင်ကိုမြတ်နိုးတန်ဖိုးထားခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ယာဉ်လိုင်းများအတွက်ထောက်ပံ့ငွေကျပ် ၂၇၇ သိန်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ နေပြည်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)၏ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရသည့် ယာဉ်လိုင်းများအား လူမှုရေးထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် နေပြည်တော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဦးက ဘောဂသီရိအဝေးပြေးကားဝင်းအတွင်း ရေနစ်မြုပ်ခဲ့သည့်အတွက် ကားဂိတ်များတွင်ရှိသည့် ဂိတ်ဝန်ထမ်း/ယာဉ်ဝန်ထမ်းများကို အစားအသောက်နှင့်သောက်ရေသန့်များ ကူညီထောက်ပံ့ပေးကြောင်း၊ ပြည်သူများသွားလာမှု အဆင်ပြေစေရန်နှင့်ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေရေးအတွက်ယာဉ်လိုင်းများအနေဖြင့်လည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင် နေပြည်တော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဦးက နေပြည်တော် မထသ(အဝေးပြေး)ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းများမှ နေပြည်တော်အတွင်းရှိရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ အားလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် နေပြည်တော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဦးနှင့် တာဝန်ရှိသူများက တိုင်ဖွန်းမုန်တိုင်းရာဂိကြောင့် နေပြည်တော် ဘောဂသီရိကားဝင်းအတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ယာဉ်လိုင်းဂိတ်များအား လူမှုရေးထောက်ပံ့ငွေကျပ် ၂၇၇ သိန်းကို ပေးအပ်ကြောင်းသိရသည်။

**ဇော်မျိုး(မြဝတီ)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသောရေလှောင်တမံနှင့်ရေထိန်းတမံစုစုပေါင်း ၁၂ ခု ရှိရာ အောက်တိုဘာလ ၂ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၂၈ ပေ ကန်ရေပြည့်အမှတ်အထက်ကျော် လွှန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၁၃ ပေတိုးလာခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပါကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂.၁၀.၂၀၁၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂.၁၀.၂၀၁၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၃၈၃၁ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၆၇၇၄ (လျှပ်စစ် ထုတ်ရေ) | - | - | ၃.၂၈ | ၁၆၄၅၈ | ၁.၀၅ | ၆၂၆.၅၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၀၁၅ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၂.၀၀ | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၅၉၈ | ၅၁၈.၈၅ | ၈၈၆၃၁ | ၁၄၈ | ၁.၁၅ | ၃၁၃၉ | - | - | ၀.၄၈ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၁၅ | ၁၀၈၂၇ | ၇ | ၁.၈၅ | ၁၄၃၀ | - | - | ၀.၄၆ | ၅၁၀.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၇၄၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၄ | ၁.၁၀ | ၃၃၀၀ | - | - | ၂.၀၀ | ၄၃၇.၇၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၇၈ | ၅၃၅.၀၀ | ၇၅၀၀၀ | - | - | - | ကန်ရေပြည့် | | ၁.၀၀ | ၅၃၅.၀၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | ၀.၂၇ | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၉၇ | ၇၀၂.၈၀ | ၁၀၃၅၈၃ | ၂ | ၇.၂၀ | ၃၉၅၀၇ | - | - | ၀.၅၈ | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | ရေတိုက်စား | | | | | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၁၈ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | ၀.၉၅ | ၈၆၄.၄၀ |
| ၁၂ | တောက်ပြို့တမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ် နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်း ဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်း ဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်း ဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက် ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိ ပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ညနေပိုင်း အမဲလိုက်သွားရာမှ အပြန်တွင် ကျွန်တော်ဝေစုရသော ချေသားထုပ်ကလေးကို လက်မှာဆွဲပြီး ရွာထဲသို့ဝင်လိုက်သည်။ အမဲလိုက်သူများမှာ အမဲမည်မျှပင်ရသည်ဖြစ်စေ အမဲလိုက်ရာတွင် ပါဝင်သူအားလုံး အညီအမျှဝေစုရသည်။ ခွေးပါလျှင် ခွေးအတွက်ပါ ဝေစုတစ်စုသီးသန့်ရသည်။ ပိုက်အတွက် ဝေစု စသည်ဖြင့် အညီအမျှရကြသည်။ လူမှုရေးနယ်ပယ်ထဲတွင် တန်းတူညီမျှသောအခွင့်အရေးကို သေချာရသည်မှာ အမဲလိုက်ခြင်းပင်ဖြစ်သည်။ အမဲကို ရိုက်ဖမ်းသားက အများယူ၊ ဟေး ဟေး အော်ကာ ငြာသံပေးသူက အနည်းယူဟူ၍မရှိပေ။

ကျွန်တော်သည် ဖက်ဖြင့်ထုပ်ယူလာသော ချေသားထုပ်ကလေးကို မြှောက်ကြည့်ပြီး ပြုံးလိုက်၏။ ညီထွေးလေးက အသားဟင်းဆိုသိပ်ကြိုက်သည်။ ကျွန်တော် အတွေးလေးနှင့်မြူးနေသည်။ ကျွန်တော်ရွာအနောက်ဘက် တောင်ခြေပတ်လမ်းမှ ရွာထဲသို့ ဝင်လာလိုက်သည်။ မိုးသားတိမ်တိုက်များကြောင့် ညနေခင်းလေးမှာ ပိုပြီးမည်းမှောင်နေ၏။ ခြေလှမ်းသွက်သွက်ကလေးများ၏ဆွဲခေါ်မှုကြောင့် အိမ်လေးနှင့် ပိုမိုနီးကပ်လာသည်။ သိပ်မကြာမီ အိမ်ခြံဝင်းအနီးသို့ ရောက်လာသည်။

"အောင်မလေး မောင်လေးရယ် အဖြစ်ဆိုးလှချေလား"

ညီမလေး၏ယူကျုံးမရဖြစ်မှု ငိုကြွေးသံသည် ကျွန်တော့်ရင်ဘတ်ထဲတွင် ဆို့ဆို့နင့်နင့်ဖြစ်သွားစေခဲ့လေပြီ။ ကျွန်တော် အိမ်ပေါ်သို့ချက်ချင်းပြေးတက်လိုက်သည်။

"ဟင်...ညီထွေးလေး"

"ကိုကြီးရယ် မောင်လေးဆုံးပြီ"

ညီထွေးလေးကား နှုတ်ခမ်းကလေးပြာနှမ်းနှမ်းကို တင်းတင်းစေ့ပြီး အသက်မဲ့နေလေပြီ။ ညီမလေးနှင့် ညီလေးနှစ်ယောက်က ညီထွေးလေးရုပ်အလောင်းကိုကြည့်ပြီး ငိုနေကြ၏။ ပတ်ဝန်းကျင်က သက်ကြီးပိုင်းသုံးဦး ရောက်နေကြသည်။ သူတို့လည်း ကလေးတွေအဖြစ်ကိုကြည့်ပြီး ရင်ထဲမကောင်းရှာကြ။

ကျွန်တော် ညီထွေးလေးကို ချက်ချင်းပြေးဖက်လိုက်သည်။ ချစ်သော ညီထွေးလေးကို ဆုံးရှုံးလိုက်ရပြီဆိုသော ဝမ်းနည်းစိတ်သည် ကျွန်တော့်ရင်၌ အုံ့ဖွဲ့ဖြစ်ပေါ်သွားသည်။

"အစ်ကိုကြီးရယ်...ညီထွေးလေးအဖျားရှိနေတာကိုမသိဘဲ ကောက်ညှင်းကျွေးမိတာလေ၊ ကလေးက အဖျားကြီးပြီး ခုလိုဖြစ်သွားတာတဲ့"

"ဖြစ်ရလေညီလေးရယ်...အဖေကြီးကလည်းမရှိဘူး၊ ဘယ်လိုလုပ်ကြမှာလဲဗျာ"

ကျွန်တော့်ထံမှ ကြေကွဲသံကြီး ဆို့ဆို့နင့်နင့်ထွက်သွားသည်။ အဖေကြီးမှာ လှေတုံးမျှောရန်အတွက် အထက်ကျွန်းစဉ်ဘက်သို့ တက်သွားသည်။ တစ်ပတ်ခန့်ကြာမည်ဟု ပြောသွား၏။ ခုလောက်ဆို ရိုးမတောင်ခြေက အမ်းမြို့နယ်ထဲ ရောက်နေရော့မည်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ပါဘိ၊ ဘယ်လိုလုပ်ဆက်သွယ်ရမလဲ။

**''ညီထွေးလေးကား နှုတ်ခမ်းကလေးပြာနှမ်းနှမ်းကို တင်းတင်းစေ့ပြီး အသက်မဲ့နေလေပြီ။ ညီမလေးနှင့် ညီလေးနှစ်ယောက်က ညီထွေးလေးရုပ်အလောင်းကို ကြည့်ပြီး ငိုနေကြ၏။ ပတ်ဝန်းကျင်က သက်ကြီးပိုင်း သုံးဦးရောက်နေကြသည်။ သူတို့လည်း ကလေးတွေ အဖြစ်ကိုကြည့်ပြီး ရင်ထဲမကောင်းရှာကြ။**

**ကျွန်တော် ညီထွေးလေးကို ချက်ချင်းပြေးဖက်လိုက်သည်။ ချစ်သောညီထွေးလေးကို ဆုံးရှုံးလိုက်ရပြီဆိုသော ဝမ်းနည်းစိတ်သည် ကျွန်တော့်ရင်၌ အုံ့ဖွဲ့ဖြစ်ပေါ်သွားသည် . . .''**

ကျွန်တော့်မျက်ဝန်းအိမ်ထဲတွင် မျက်ရည်များပြည့်အိုင်လာပြီး မျက်လုံးအစုံကို မှိတ်လိုက်ချိန်တွင် မျက်ရည်စီးကြောင်းများ တလိမ့်လိမ့်စီးဆင်းသွားကြသည်။ ကျွန်တော်၏ မျက်ရည်ပေါက်များ ညီထွေးလေး၏ ပါးပြင်မို့မို့လေးပေါ်သို့ တပေါက်ပေါက်ကြွေဆင်းကြ၏။

မကြာမီ အိမ်နီးနားချင်းများ ရောက်လာကြသည်။ ဗုဒ္ဓဟူးနေ့တွင် သေဆုံးတာဖြစ်လို့ နေ့မကူးမီ ချက်ချင်းသဂြိုဟ်ရမည်ဟု ပြောကြ၏။ ဦးထွန်းညိုနှင့် ကိုအောင်ခိုင်တို့က ညီထွေးလေး၏ အဝတ်အစားများကို သူ၏ကိုယ်ပေါ်တွင် လွှားတင်လိုက်ကြသည်။ ညီထွေးလေး၏ ခန္ဓာကိုယ်အောက်တွင်ခင်းထားသော စောင်ပိုင်းလေးကို ကိုယ်ပေါ်သို့ ပင့်တင်လိုက်သည်။ နောက် သပေ့ါဖျာလေးကိုပါ ခေါက်ချိုးညှိပြီး ညီထွေးလေး၏ခန္ဓာကိုယ်ကို မုန့်ဖက်ထုပ် ထုပ်သလိုမျိုး လျှော်ကြိုးဖြင့် စည်းချည်လိုက်ကြသည်။ ညီမလေးမှာ မကြည့်ဝံ့သဖြင့် ညီထွေးလေးကိုကျောပေးပြီး တအင်းအင်းငိုနေလေတော့၏။

သက်မဲ့ခန္ဓာကိုထုပ်ပိုးပြီးလျှင် ပျဉ်ပြားတစ်ချပ်ပေါ်သို့ တင်လိုက်ကြသည်။ ပျဉ်ပြားပေါ်သို့ရောက်နေသော ညီထွေးလေး၏ သက်မဲ့ခန္ဓာကို ကြိမ်နွယ်ဖြင့် သုံးတန်စည်းချည်လိုက်ကြ၏။ အစွန်းထွက်နေသော ပျဉ်ပြားချပ်ကို ရှေ့တစ်ယောက် နောက်တစ်ယောက် ပခုံးခံထမ်းပြီး သင်္ချိုင်းသို့သယ်ယူပြီး မြေမြှုပ်သဂြိုဟ်လိုက်ကြပေတော့သည်တကား။

တစ်ခါတစ်ရံ လူတို့၏ဓလေ့ထုံးစံ ရိုးရာအယူဝါဒများသည် အရိုင်းဆန်သည်ဟု ကျွန်တော်တွေးမိလိုက်၏။ ခုပဲကြည့်လေ၊ ကျွန်တော် အင်မတန်ချစ်လှသော ညီထွေးလေးကို ဗုဒ္ဓဟူးနေ့မှာ ဆုံးသည်ဆိုပြီး နေ့ကူးအောင်မထားရဆိုသော အယူအဆကြောင့် တိရစ္ဆာန်တစ်ကောင်သေဆုံးသလိုမျိုး ချက်ချင်းတစပြင်သို့ထုတ်ပြီး စွန့်ပစ်လိုက်ကြပါပြီကောလား။

ဩော် ... ဘဝစေရာ စီးမျောလွင့်ပါခဲ့ရရှာပါပေ့ါလား ညီလေးရယ်

● ● ● ● ● ● ●

"ဟေ့ ဘညွန့်"

"ဗျာ"

ဖြုန်းခနဲခေါ်သံကြောင့် ကျွန်တော် အလန့်တကြား ပြန်ထူးလိုက်သည်။

"ဟာ . . . စောလှ အသံလေးဘာလေး ပေးတာမဟုတ်ဘူး"

"ငါရောက်နေတာ အတော်ကြာပြီကွ၊ မင်း တစ်ယောက်တည်း ပင်လယ်ပြင်ကြီးကြည့်ပြီး ငေးနေတာတွေ့လို့ ငါ ကြည့်နေတာ"

"အေးကွာ အားအားရှိတာနဲ့ ငါ ဒီနားထိုင်ပြီး တို့တစ်တွေကို လုပ်ကျွေးနေတဲ့ ပင်လယ်ပြာကြီးကြည့်ပြီး ကျေးဇူးတင်နေတာလေ"

"ကဲ . . . ဘညွန့်ရေ ငါ မင်းကို အမဲလိုက်ဖို့ လာခေါ်တာ လိုက်မယ်မဟုတ်လား"

"ဘယ်သွားကြမှာမို့လဲ"

"တို့ ဒီကျွန်းပေါ်ကကောင်တွေလည်း အမဲလိုက်ဖန်များတော့ သိပ်တော့မလွယ်တော့ဘူး၊ ပိုက်ယဉ်နေကြပြီပေ့ါကွာ၊ ဒီတစ်ခေါက်တော့ ကျွန်းသလိမ်ကျွန်းဘက်သွားဖို့ စီစဉ်ထားကြတယ်"

"နယ်သစ်ပယ်သစ်ဆို လိုက်မယ်ကွာ"

"ဒါဆို သွားကြမယ်၊ ဟိုဘက်မှာ လူတွေစုံနေကြပြီ"

ကျွန်တော်တို့ရောက်သွားချိန်တွင် ပသျှူးလှေကြီးနားမှာ လူတွေစုံနေကြပေပြီ။ အမဲလိုက်သမားတို့သည် လက်လံ တစ်လံခွဲ၊ နှစ်လံလောက်စီပိုင်းဖြတ်ထားသော အုန်းလက်ပိုင်းများကို လှေဝမ်းဗိုက်အောက်သို့ ထိုးသွင်းပြီး ဆုံးတုံးခံကာ မြစ်ရေပြင်သို့ လှေကို တွန်းချကြသည်။ မြစ်ကမ်းခြေသဲသောင်ပြင်မှာ အမြင့်မှအနိမ့်သို့ ပြေပြေကလေးနိမ့်ဆင်းနေပေရာ လှေဝမ်းဗိုက်နှင့် အုန်းလက်ကြိတ်သံတို့မှာ တဖြန်းဖြန်း အသံပေးကာ ခပ်သွက်သွက်လျှောဆင်းနေပေတော့သည်။ ပြိုင်တူတွန်းအားကြောင့် လှေကြီးမှာ မြစ်ရေပြင်ထဲရောက်သွားပြီး လှိုင်းအိကလေးများနှင့်အတူ ကခုန်မြူးနေပေပြီ။

ဖိုးချမ်းက ပဲ့စင်ပေါ်မတ်တတ်ရပ်ပြီး မြီးတံရှည်တက်မကြီးကို ရေထဲသို့နှစ်ကာ ကန့်ကြိတ်ပေးလိုက်ခြင်းဖြင့် လှေကြီးမှာ ပင်လယ်ပြင်ဘက်သို့ ဦးမော့ပြီး တာထွက်ရန် အဆင်သင့်ဖြစ်သွားသည်။ လှေနံနှစ်ဖက်တွင် တစ်ဖက်လျှင် သုံးစင်စီ အသင့်လုပ်ထားသော တက်ခတ်စင်ခြောက်စင်တွင် တက်ခတ်သား ၁၂ ယောက်က အသင့်နေရာယူပြီး ခတ်တက်ကို ပြိုင်တူဆွဲခတ်လိုက်ကြ၏။

ပသျှူးလှေကြီးကတော့ လှိုင်းခေါင်းဖြူများကိုဖိနင်းပြီး ခပ်မြူးမြူးပြေးနေပေပြီ။ လှေကြီးမှာ ငွေသာတောင်တန်းကို လက်ယာထားပြီး နတ်မော်ကျောက်တန်းဘက်သို့ ဦးတည်သွားနေသည်။ နတ်မော်ကျွန်းလွန်သည်နှင့် ဘင်္ဂလားပင်လယ်ရေပြင်ထဲက ကျွန်းသာယာ(ကျွန်းသရဲ)ကျွန်းပေါ်လာ၏။

ကျွန်းသာယာကျွန်းနှင့် ပေသုန်ကျွန်း ရေလက်ကြားထဲတွင် ကျွန်းသလိမ်ကျွန်းဟူသည် တည်ရှိသည်။ ကျွန်းမှာ မြစ်ပြင်ထဲတွင် တစ်ကျွန်းတည်း ထီးထီးမားမားတည်ရှိနေသည်။ ဤကျွန်းသို့ လူသူအရောက်အပေါက်လည်းနည်းသည်။ ကျွန်တော်တို့အမဲလိုက်အဖွဲ့သည် နေမွန်းတည့်ချိန်လောက်တွင် ကျွန်းသို့ရောက်ရှိကြသည်။ ကျွန်းမှာ ရှည်ရှည်လျားလျားပင်ဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

# ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၈၂၃၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်


ပုသိမ် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၈၂၃၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် လျာထားမိုးစပါး ၉၁၄၃၆ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးရာ လက်ရှိတွင် မိုးစပါး ၈၂၃၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် မိုးစပါးများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးရာသီမှာ ပုသိမ်မြို့နယ်အနေနဲ့ မိုးစပါးဧက ၉၁၀၀၀ ကျော် လျာထားစိုက်ပျိုးမှာပါ။ လက်ရှိမှာ မိုးစပါးဧက ၈၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေ ပံ့ပိုးပေးထားပါတယ်။ တောင်သူတွေကလည်း စိုက်ပျိုးရေးနည်းပညာတွေကို တောင်းခံတာရှိလို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေတဲ့အတွက် အခုလိုစိုက်ပျိုးနိုင်တာပါ။ စိုက်ပျိုးရာမှာလည်း အရည်အသွေးနဲ့ ဈေးကွက်ခိုင်မာတဲ့စပါးတွေကို အဓိကစိုက်ပျိုးပါတယ်'' ဟု ဦးဝင်းစိုးက ပြောသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၁၄၃၆ ဧက စိုက်ပျိုးရာတွင် ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံ၊ ထိုင်းဘေးကျား၊ ဆင်းသုခ၊ မနောသုခ၊ နှစ်လခွဲ၊ ရက်ကိုးဆယ် စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးကြောင်း၊ အဆိုပါ မိုးစပါးအမျိုးအစားများသည် တစ်ဧကလျှင် ပျမ်းမျှ တင်း ၁၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။ **သုတကျော်**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်ရှိ အောင်သုခ၊ ပေါင်းလောင်း၊ ဘိုကိုးလုံးနှင့် ဟေမာန်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ထို့နောက် အောင်သုခကျေးရွာရှိ အောင်သုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းတို့က လယ်ဝေးမြို့နယ် အောင်သုခကျေးရွာ အောင်သုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကူညီကယ်ဆယ်ရေးအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လွိုင်ကော်မြို့၌ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူနေမှုမြင်ကွင်း


ဇေယျာသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-(၄၁၃)


ကန့်ဘလူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-အောင်ဝင်းငြိမ်း(ကန့်ဘလူ)


ကျိုက်ထိုမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကျိုက်ထိုမြို့နယ်(ပြန်/ဆက်)


မအူပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-အောင်မြင့်မြတ်(ပြန်/ဆက်)


တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-တိုင်းဒေသကြီး(ပြန်/ဆက်)


ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကျော်ဇင်စိုး(ပြန်/ဆက်)


မုံရွာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မုံရွာခရိုင်(ပြန်/ဆက်)


ရပ်စောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ရပ်စောက်မြို့နယ်(ပြန်/ဆက်)


မင်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဇာဇာ(အထက်မင်းလှ)


ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


ထန်းတပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဇင်မင်းထိုက်(ထန်းတပင်)


ကွန်ဟိန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကွန်ဟိန်းမြို့နယ်(ပြန်/ဆက်)


မော်လမြိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မော်လမြိုင်ခရိုင်(ပြန်/ဆက်)


ကသာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကသာခရိုင်(ပြန်/ဆက်)


ရွှေကျင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ထွန်းထွန်းဇော်(ပြန်/ဆက်)

# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ရေဘေးထိခိုက်ခံစားရသော ကျည်တောင်ကျေးရွာအုပ်စုရှိ ထိခိုက်လွယ်အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂

ရာဂိတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရေဘေးထိခိုက်ခံစားရသော ကျည်တောင်ကျေးရွာအုပ်စုရှိ ထိခိုက်လွယ်အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ လေ့ခွင်းတောင် ကိုးခန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအတွင်း ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်များ၊ အသက်သုံးနှစ်အောက်ကလေးများ၊ အသက် ၇၅ နှစ်အထက် ဘိုးဘွားများနှင့်မသန်စွမ်းသူများအတွက် ငွေသားနှင့် ပစ္စည်းနှစ်မျိုးလုံးကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများကြောင့် နောက်ဆက်တွဲထိခိုက်ခံစားရခြင်းများကို စိတ်လူမှုရေးပိုင်းဆိုင်ရာအထောက်အပံ့များ ပေးပြီး ပြန်လည်ထူထောင်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့တွင် ရေဘေးသင့် ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်၊ အသက်သုံးနှစ်အောက် ကလေး၊ မသန်စွမ်းနှင့် အသက် ၇၅ နှစ်အထက် သက်ကြီးရွယ်အိုများကို နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးခြင်းအပြင် နေပြည်တော်ကောင်စီအနေဖြင့်လည်း ခေါက်ဆွဲ၊ ဆန်၊ အသားဘူးများ လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများကို လာရောက်အားပေးခြင်းဖြစ်ကြောင်း အားပေးစကားပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထိခိုက်လွယ်အုပ်စုဝင် ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၅၆၀၀၀၀ အပြင် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ Hygine Kit၊ ဆေးစိမ်ခြင်ထောင်၊ ဆပ်ပြာခဲ၊ ရေသန့်ဆေးနှင့် ကလေးများအတွက် ကစားစရာများ၊ မုန့်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခေါက်ဆွဲ၊ ဆန်၊ အသားဘူးများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ်ခန်းမ၌တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့်ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂

ရာဂိတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလှူငွေများကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းအရာရှိများက ငွေကျပ် ၁၅ သိန်း၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ရွာ ဦးမောင်ကိုမှ ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ် ၆၅ သိန်းပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင် မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄ လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# နေ့စဉ်ဘဝတွင် စိတ်ဖိစီးမှုမှသက်သာပြီး ကျန်းမာပျော်ရွှင်စေမည့်နည်းလမ်းများ

ယနေ့ခေတ်တွင် နေ့စဉ်လူနေမှုဘဝသည် အဘက်ဘက်မှပြောင်းလဲတိုးတက်လာသော်လည်း စိတ်ဖိစီးမှုများကို မကြာခဏကြုံတွေ့နေကြရသည်။ ကျန်းမာသည်ဆိုရာတွင် ရုပ်ကျန်းမာရေးသာမက စိတ်ကျန်းမာရေးပါ ပြည့်စုံရန်လိုအပ်ပါသည်။ အလုပ်တာဝန်များပြားမှု၊ နေ့စဉ်အလုပ်သွားရာ လမ်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှု၊ လုပ်ငန်းခွင်သာယာပျော်ရွှင်မှုမရှိခြင်း၊ အိမ်ထောင်ရေးသာယာမှုမရှိခြင်းတို့ကြောင့်ဖြစ်သော စိတ်ဖိစီးမှုသည် ခန္ဓာကိုယ်ကျန်းမာရေးကို အမှန်တကယ်အကျိုးသက်ရောက်မှုရှိနိုင်သည်။

နေ့စဉ် ဆက်တိုက်ခံစားနေရသော စိတ်ဖိစီးမှုကို နာတာရှည်စိတ်ဖိစီးမှုဟုခေါ်ပြီး နာတာရှည်ကျန်းမာရေးပြဿနာများနှင့်ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ နာတာရှည်စိတ်ဖိစီးမှုသည် စိတ်ခံစားချက်များ၊ အစာစားချင်စိတ်နှင့် အိပ်စက်ချိန်မမှန်ခြင်းတို့နှင့်ဆက်စပ်၍ ခန္ဓာကိုယ်ကျန်းမာရေးကို ထိခိုက်မှုများရှိလာနိုင်သည်။ နာတာရှည်စိတ်ဖိစီးမှုကြောင့် ခန္ဓာကိုယ်အနှံ့တွင် ရောင်ရမ်းမှုများ ဆက်တိုက်ဖြစ်ပေါ်စေပြီး နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်နိုင်ခြေကို တိုးမြင့်စေသည်။ ပန်းနာ၊ ရင်ကျပ်ရောဂါကိုဖြစ်စေနိုင်ပါသည်။ အနာကျက်နှေးနိုင်ပါသည်။ အနုတ်လက္ခဏာဆောင်သော ရေရှည်စိတ်ဖိစီးမှုသည် ဘဝ၏အရည်အသွေးကို လျော့ကျစေနိုင်ပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကိုပင် ဖြစ်ပေါ်စေနိုင်ပါသည်။

စိတ်ဖိစီးမှုများသည် နှလုံးရောဂါအမျိုးမျိုးနှင့် နှလုံးအမောဖောက်သည့်အခြေအနေများကို ခံစားရနိုင်သည်။ ဥပမာအားဖြင့် စိတ်ဖိစီးမှုများနေသူတစ်ဦးသည် ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများကိုစားဖြစ်လေ့ရှိပြီး လေ့ကျင့်ခန်းလုပ်ရန်ခွန်အားနှင့်အချိန်မရှိသကဲ့သို့ ခံစားရနိုင်ပါသည်။ စိတ်ဖိစီးမှုများနေချိန်တွင် အပန်းဖြေသည့်အနေဖြင့် ပြုလုပ်လေ့ရှိသည့် ဆေးလိပ်သောက်ခြင်းနှင့်အရက်အလွန်အကျွံသောက်ခြင်း စသည့်လွဲမှားသောအပြုအမူများသည် နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ သွေးတိုးရောဂါ၊ အဝလွန်ရောဂါနှင့်သွေးချိုဆီးချိုရောဂါများကိုခံစားရနိုင်သည်။ နာတာရှည်စိတ်ဖိစီးမှုကြောင့် ရောဂါများဖြစ်ပွားမှုမှ ကာကွယ်ရန်၊ ကျန်းမာရေးနှင့်မညီညွတ်သော အလေ့အထများကို ရှောင်ရှားရန်နှင့် စိတ်ဖိစီးမှုမှသက်သာစေရန် နည်းလမ်းများကို မျှဝေလိုပါသည်။

**ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်ပုံမှန်ပြုလုပ်ပါ**

ကိုယ်လက်လှုပ်ရှားမှုလုပ်သည့်အခါတိုင်း ဦးနှောက်က Endorphins ခေါ် စိတ်ခံစားချက်ကိုမြှင့်တင်ပေးသောဓာတုပစ္စည်းများ ထုတ်လွှတ်ပါသည်။ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းသည် ပျော်ရွှင်သောဟော်မုန်းများအဆက်မပြတ်ထွက်လာစေပြီး စိတ်ဖိစီးမှုကိုလျှော့ချပေးရုံသာမက ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းပေးခြင်းဖြင့် သွေးပေါင်ချိန်ကိုကျဆင်းစေနိုင်သည်။ နှလုံးကြွက်သားများကို အားကောင်းစေကာ နှလုံးရောဂါကိုလည်း ကာကွယ်ပေးပါသည်။ Journal of Health Psychology တွင် တစ်ရက်လျှင် ၁၀ မိနစ်ခန့် လမ်းလျှောက်ခြင်းဖြင့် Endorphins ထွက်စေပြီး ပျော်ရွှင်မှုအဆင့်ကို မြှင့်တင်ရန်လုံလောက်ကြောင်းဖော်ပြခဲ့သည်။ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ တောင်တက်ခြင်း၊ ယောဂကျင့်ခြင်းနှင့် ကခြင်းတို့ဖြင့်လည်း ပျော်ရွှင်သောဟော်မုန်းများထွက်ရန် လှုံ့ဆော်ပေးနိုင်ပါသည်။

**လွတ်လပ်ပွင့်လင်းစွာရယ်မောပါ**

ရယ်မောခြင်းသည် အကောင်းဆုံးစိတ်ပျော်ရွှင်ဆေးဖြစ်သည်။ ရယ်မောခြင်းဖြင့် ဦးနှောက်မှ ပျော်ရွှင်စေသော ဟော်မုန်းပမာဏကိုများစေသဖြင့်

> **''စိမ်းလန်းသောသဘာဝပတ်ဝန်းကျင်တွင် မိနစ် ၂၀ ခန့် အချိန်ပေးခြင်းသည် ကျန်းမာရေးကိုမြှင့်တင်ရန်လုံလောက်. . .၊ နေ့ရက်အများစုကို အလုပ်စားပွဲတွင် ကုန်ဆုံးသူများအတွက် သဘာဝနှင့်လတ်ဆတ်သောလေကောင်းလေသန့်၏ အကျိုးကျေးဇူးများကိုရရှိရန် အနီးအနားရှိစိမ်းစိုသောပန်းခြံ၊ အိမ်နောက်ဖေး၊ ခေါင်မိုးပေါ်မှဥယျာဉ်တို့တွင် တစ်ပတ်လျှင် မိနစ် ၃၀ သို့မဟုတ် ထိုထက်ပို၍ အချိန်ပေးခြင်းသည် သွေးပေါင်ချိန်ကိုလျှော့ကျစေပြီး စိတ်ဓာတ်ကျခြင်းကို သက်သာစေ . . .''**

စိုးရိမ်ပူပန်မှု၊ ဖိစီးမှုများကိုလျှော့ကျစေသည်။ ချစ်ခင်နှစ်သက်သည့်အပေါင်းအသင်းမိတ်ဆွေများ၊ ချစ်နှစ်သက်ရသူများ၊ သူငယ်ချင်းများနှင့်အတူ ပျော်စရာရုပ်ရှင်နှင့်ဗီဒီယိုများကြည့်၍ရယ်မောခြင်းဖြင့် စိတ်ဖိစီးမှုများကို သက်သာစေသည်။ ရယ်မောခြင်းသည် စိတ်ဖိစီးမှုဟော်မုန်းပမာဏကို လျော့ကျစေကာ သွေးကြောအတွင်း ရောင်ရမ်းမှုကိုလျှော့ချပေးပြီး ကောင်းသော HDL ကိုလက်စထရောကို တိုးစေကြောင်းတွေ့ရှိခဲ့သည်။

**ညတွင်အိပ်ရေးဝဝအိပ်ပါ**

စိတ်ပျော်ရွှင်စေသောဟော်မုန်း Serotonin နှင့် Dopamine များထွက်လာစေရန် ကောင်းမွန်သောအိပ်စက်မှုရှိရပါမည်။ ကောင်းမွန်သောစိတ်ခံစားမှုနှင့် ပျော်ရွှင်မှုကိုရရှိနိုင်ရန် အရွယ်ရောက်ပြီးသူအများစုသည် ညစဉ်ပုံမှန်အိပ်စက်ချိန် အနည်းဆုံး ခုနစ်နာရီခန့် ရှိရန်နှင့် နေ့စဉ်အချိန်မှန်အိပ်ရာဝင်ရန် လိုအပ်ပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့်ထိတွေ့ပါ**

စိမ်းလန်းသောသဘာဝပတ်ဝန်းကျင်တွင် မိနစ် ၂၀ ခန့် အချိန်ပေးခြင်းသည် ကျန်းမာရေးကိုမြှင့်တင်ရန်လုံလောက်ကြောင်း သိရသည်။ နေ့ရက်အများစုကို အလုပ်စားပွဲတွင် ကုန်ဆုံးသူများအတွက် သဘာဝနှင့် လတ်ဆတ်သောလေကောင်းလေသန့်၏ အကျိုးကျေးဇူးများကိုရရှိရန် အနီးအနားရှိ စိမ်းစိုသောပန်းခြံ၊ အိမ်နောက်ဖေး၊ ခေါင်မိုးပေါ်မှဥယျာဉ်တို့တွင် တစ်ပတ်လျှင် မိနစ် ၃၀ သို့မဟုတ် ထိုထက်ပို၍ အချိန်ပေးခြင်းသည် သွေးပေါင်ချိန်ကိုလျှော့ကျစေပြီး စိတ်ဓာတ်ကျခြင်းကို သက်သာစေသည်။

**နေရောင်ခြည်နှင့်ထိတွေ့ပါ**

နေရောင်ခြည်သည် ခန္ဓာကိုယ်၏ Serotonin နှင့် Endorphins ဟော်မုန်းများ ထုတ်လုပ်မှုကိုမြှင့်တင်ပေးသဖြင့် စိတ်ဓာတ်ကျခြင်းနှင့်ဆက်စပ်သော လက္ခဏာများကို လျှော့ချပေးနိုင်သည်။ နေ့စဉ် နေရောင်ခြည်နှင့် ၁၅ မိနစ်ခန့် ထိတွေ့ရန်အချိန်ပေးပါ။

**အိမ်ကိုအလုပ်နှင့်နီးကပ်စွာနေထိုင်ပါ**

တစ်ပတ်လျှင် ငါးရက်အလုပ်သွားရသည့် ခရီးအကွာအဝေး၏အကျိုးသက်ရောက်မှုသည် အချိန်ကြာလာသည်နှင့်အမျှ လူတို့ကို ပျော်ရွှင်မှုလျော့နည်းလာစေကြောင်းတွေ့ရှိရသည်။ သုတေသနများအရ နေ့စဉ် အလုပ်အသွားအပြန် အချိန်ကြာလေလေ၊ အလုပ်နှင့်ဘဝအတွက် စိတ်ကျေနပ်မှုနည်းပါးလေလေဖြစ်ပြီး ခရီးကြာကြာသွားလာရခြင်းကြောင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရန် အချိန်လျော့နည်းလာသဖြင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိခဲ့သည်။

**သူငယ်ချင်းများ၊ မိသားစုများနှင့် အချိန်ပေး၍ ပျော်ရွှင်မှုရယူပါ**

စိတ်ပညာရှင်များ၏လေ့လာမှုအရ လူမှုဆက်ဆံရေးသည် ဘဝတွင် လူတို့၏ပျော်ရွှင်မှုကို မြှင့်တင်ပေးသည့် အမှန်တကယ်အရေးကြီးသော အရာဖြစ်ကြောင်းတွေ့ရှိခဲ့ပြီး သူငယ်ချင်းများ၊ မိသားစုများနှင့်အတူ အချိန်ကုန်ဆုံးခြင်းက စိတ်ကိုအမှန်တကယ် ပျော်ရွှင်စေကြောင်း တွေ့ရှိခဲ့သည်။

**တရားထိုင်ပါ**

တရားထိုင်ခြင်းသည် အာရုံကြောများ၏ လှုပ်ရှားမှုကိုတိုးမြင့်စေပြီး စိတ်တည်ငြိမ်မှုနှင့် အကောင်းမြင်စိတ်များကိုမြှင့်တင်ပေးသည့် Dopamine နှင့် Endorphins ဟော်မုန်းများကို လျင်မြန်စွာထွက်စေနိုင်သည်ဟု သုတေသီများက အကြံပြုထားသည်။ နေ့စဉ် မိနစ်အနည်းငယ်တရားထိုင်ခြင်းသည် စိတ်ဖိစီးမှုကိုသက်သာစေပြီး စိတ်ပျော်ရွှင်မှုကိုဖြစ်စေသောဟော်မုန်းများထွက်ရှိမှုကို အထောက်အကူပြုစေသည်။

**သီချင်းနားထောင်ပါ၊ သီချင်းဆိုပါ**

တေးသီချင်းများနားထောင်စဉ် ဦးနှောက်အတွင်း Dopamine ဟော်မုန်းထုတ်လုပ်မှုကို တိုးမြင့်စေပြီး ကောင်းမွန်သောစိတ်ခံစားချက်များကို ဖြစ်စေနိုင်သည်။ ဖျော်ဖြေပွဲများတွင် လူအများနှင့်ကခုန်ခြင်း၊ သီဆိုခြင်းများပြုလုပ်ခြင်းကလည်း Endorphins ဟော်မုန်းထွက်နှုန်းမြင့်ပြီး ပျော်ရွှင်စေပါသည်။

**ကျေးဇူးတင်တတ်အောင်လေ့ကျင့်ပါ**

နေ့စဉ်ဘဝတွင် ကျေးဇူးတင်ရမည့်အရာများ၊ ကောင်းမွန်သောအရာများကို အသိအမှတ်ပြုခြင်းသည် ပျော်ရွှင်သောဘဝနေထိုင်နည်း အလေ့အကျင့်တစ်ခုဖြစ်သည်။ ကျေးဇူးတင်တတ်အောင် လေ့ကျင့်ခြင်းသည် ခံစားချက်များအပေါ် သိသာထင်ရှားသောအကျိုးသက်ရောက်မှုရှိစေကြောင်း လေ့လာမှုများရှိခဲ့သည်။ နေ့စဉ်ကျေးဇူးတင်သောအရာတစ်ခုကို အသိအမှတ်ပြုခြင်းဖြင့် စိတ်ခံစားချက်ကိုကြီးမားစွာမြှင့်တင်ပေးနိုင်သည်။ တစ်နေ့တာတွင် ဘဝ၏ကြည်နူးစရာကောင်းသောအရာများကို သတိထားဆင်ခြင်၍ ဖြတ်သန်းရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် အိမ်နီးနားချင်းက လက်ဝှေ့ယမ်းပြခြင်းစသည့်သေးငယ်သောအရာတစ်ခုသည်ပင် မိမိအားချစ်ခင်ကြောင်းပြခြင်းကို အသိအမှတ်ပြုတုံ့ပြန်ခြင်း စသည့်အလေ့အကျင့်များ ပြုလုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိ အပြုသဘောဆောင်သော အရာအားလုံးကို ပိုမိုသိရှိခံစားလာနိုင်ပါသည်။

**တခြားသူများကို ချစ်ခင်ကြင်နာစွာဆက်ဆံပါ**

လူသားများကြားတွင် ချစ်ခြင်းမေတ္တာ၊ ကြင်နာမှုနှင့် လုံခြုံနွေးထွေးမှုကိုပြသရန် ချစ်မြတ်နိုးရသူများနှင့် ပွေ့ဖက်နှုတ်ဆက်ခြင်းပြုလုပ်ချိန်တွင် ခန္ဓာကိုယ်မှ ဟော်မုန်းများစွာထုတ်လုပ်နိုင်သည်။ ပျော်ရွှင်မှုဟော်မုန်း Endorphins နှင့် စိတ်ကျေနပ်မှုခံစားရသောအခါတွင် ထုတ်လုပ်သည့် Dopamine သည် ပျော်ရွှင်မှု၊ စိတ်လှုပ်ရှားမှုနှင့် လှုံ့ဆော်မှုတို့ကိုဖြစ်ပေါ်စေသည်။ ချစ်ခင်ကြင်နာစွာဆက်ဆံခြင်းဖြင့် Oxytocin ဟော်မုန်းကိုမြင့်တက်စေပြီး သံယောဇဉ်နှင့်နွေးထွေးသောစိတ်ခံစားမှုကိုရရှိစေသည်။

**အကောင်းမြင်စိတ်ထားပါ၊ ခွင့်လွှတ်တတ်ပါစေ**

နေ့စဉ်လူနေမှုဘဝတွင် မကောင်းသောအတွေးအမြင်များနှင့် အပျက်သဘောဆောင်သော စိတ်ခံစားချက်များသည် ပျော်ရွှင်မှုကိုထိခိုက်စေနိုင်ပါသည်။ ကိုယ့်ကိုယ်ကိုယ်ဖြစ်သည့် ဒေါသ သို့မဟုတ် တခြားသူများအပေါ်ဖြစ်သည့်ဒေါသက သိသာထင်ရှားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ပါသည်။ အဆိုးမြင်မှုကိုရပ်ပြီး အကောင်းဘက်ကိုအာရုံစိုက်သည့်အခါ ပျော်ရွှင်မှုကို ပိုမိုရယူနိုင်ပါသည်။ ဟားဗတ်တက္ကသိုလ်မှ Robert Waldinger ၏ပျော်ရွှင်ခြင်းအတွက် သုတေသနပြုလေ့လာမှုမှ အပြုသဘောဆောင်သောဆက်ဆံရေးကို ထိန်းသိမ်းခြင်းသည် လူတို့၏အိုမင်းခြင်းဖြစ်စဉ်ကို နှေးကွေးစေပြီး အသက်ပိုရှည်အောင်ကူညီပေးနိုင်သည်ကိုတွေ့ရှိခဲ့သည်။

**အပန်းဖြေခရီးထွက်ပါ**

အားလပ်ရက်တွင် အပန်းဖြေခရီးထွက်ခြင်းဖြင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများပိုမိုရရှိနိုင်ပါသည်။ အားလပ်ရက်အပန်းဖြေအနားယူခြင်းနှင့် ဆက်စပ်သည့် သုတေသနပြုလေ့လာမှုတစ်ခုတွင် အပန်းဖြေခရီးထွက်ခြင်းသည် စိတ်ဖိစီးမှုကိုလျော့ကျစေရုံသာမက စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးသက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။ အားလပ်ရက်သည် လူတို့၏စိတ်ပျော်ရွှင်မှုအတွက် အလွန်လိုအပ်သောပံ့ပိုးမှုတစ်ခုဖြစ်ပါသည်။

**အသက်ရှုလေ့ကျင့်ခန်းများပြုလုပ်ပါ**

သုတေသနပြုချက်များအရ အသက်ရှုလေ့ကျင့်ခန်းများသည် စိတ်ဖိစီးမှုကိုလျှော့ချပေးနိုင်ကြောင်း တွေ့ရှိရသည်။ စိတ်ဖိစီးမှုခံစားရသည့်အခါတွင် မျက်စိမှိတ်ထားပြီး နှာခေါင်းမှတစ်ဆင့်အသက်ပြင်းပြင်းရှူသွင်းပါ။ ပါးစပ် သို့မဟုတ် နှာခေါင်းမှတစ်ဆင့် ဖြည်းညင်းစွာအသက်ရှူထုတ်ပါ။ သင့်ကိုယ်သင်ငြိမ်သက်သွားသည်ဟုခံစားရသည်အထိ ဤလုပ်ငန်းစဉ်ကို အကြိမ်ကြိမ်ပြန်လုပ်ပါ။

**စိတ်သက်သာစေမည့်နည်းလမ်းများကိုရှာဖွေပါ**

နေ့စဉ် နံနက်စောစောတွင် လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကောင်းမွန်သောစိတ်ခံစားမှုကို ဖြစ်စေသည်။ ရေနွေးနွေးဖြင့်ရေချိုးခြင်း၊ သီချင်းနားထောင်ခြင်း သို့မဟုတ် နှစ်သက်သည့်ဝါသနာတစ်ခုခုဖြင့် အချိန်ဖြုန်းခြင်းမျိုးကဲ့သို့ ရိုးရှင်းသောအပြုအမူများဖြင့် နေ့စဉ်လူနေမှုဘဝတွင် စိတ်ဖိစီးမှုများကို များစွာလျှော့ကျစေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူတို့၏ပျော်ရွှင်မှုသည် မတူညီသောဘဝအတွေ့အကြုံများအတွက် ကွဲပြားခြားနားမှုရှိနိုင်ပါသည်။မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် ပျော်ရွှင်မှုနှင့်စိတ်ကျေနပ်မှုရရန် အကောင်းဆုံးနည်းလမ်းများကို ဖန်တီးနိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကျင်းပ



**ဘုတ်ပြင်း အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုတ်ပြင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှကြိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသန်းထွန်းဦးကသင်တန်းဖွင့်လှစ်ခြင်းကြောင့် ရရှိလာသည့်အကျိုးကျေးဇူးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀ ဦးအား သင်တန်းကာလ ရက် ၂၀ ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အထွေး**

# မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာလ ၁ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၈ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း စုစုပေါင်း ၅၄ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း အသီးသီး ထုတ်ချေးပေးကြောင်း သိရသည်။

(မဝ၂)

# ငဖဲမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ပဲစင်းငုံ ၄၀၉၇ ဧက စိုက်ပျိုးပြီးစီး



**ငဖဲ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် ပဲစင်းငုံသီးနှံကို ၂၁၆၁ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၄၀၉၇ ဧက စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ထက် ၁၉၃၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ပဲစင်းငုံကို နှမ်းနှင့်အတူရောနှော၍ သီးညှပ်အဖြစ်စိုက်ပျိုးကြပြီး အခြားသီးနှံများထက် စိုက်ပျိုးမှု ကုန်ကျစရိတ်သက်သာသည့် နှမ်းကို အရင်ရိတ်သိမ်း၍ ပဲစင်းငုံသီးနှံကို နောက်ကျမှ ရိတ်သိမ်းရသည့်အတွက် သီးနှံနှစ်မျိုးလုံးမှဝင်ငွေရရှိသည်။ ပဲစင်းငုံကိုစိုက်ပျိုးသည့်ယာမြေတွင် သုံးနှစ်ခန့်သာစိုက်ပျိုးရပြီး နောက်နှစ်များတွင် အခြားသီးနှံကိုတစ်လှည့် စိုက်ပျိုးရသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးကောင်းစွာရွာသွန်းခဲ့သည့်အတွက် အပင်ဖြစ်ထွန်းအောင်မြင်ပြီး မိုးကောင်း၍ သဘာဝမြေဩဇာ နွားချေးနှင့်သွင်းအားစုပစ္စည်းများကို စနစ်တကျထည့်သွင်းစိုက်ပျိုးပါက ပဲစင်းငုံအထွက်နှုန်းပိုကောင်းကြောင်း၊ ပဲဈေးနှုန်းကောင်းမွန်သည့်အတွက် ပဲစင်းငုံသီးနှံကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ပဲစင်းငုံသီးနှံကို ပင်ဦး၊ ပေါင်းကလေး၊ ဆင်ချည်တိုင်၊ ပဒါန်း၊ ရင့်ရှည်၊ သာယာကုန်း၊ ရင်းရှည်၊ စည်သော၊ မာန်အောင်၊ ဆူးပဒေါင်း၊ မြစ်ဖျားနှင့် ရှောက်တောင်ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြရာ စုစုပေါင်းစိုက်ဧက ၄၀၉၇ ဧကရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

## ဥယျာဉ်ပမာ တို့ပြည်သာ

❋ ပန်းမျိုးစုံ စီရီပွင့်
ထူးတင့်တဲ့ ဥယျာဉ်သာ။
မွှေးကြိုင်စွာ ရနံ့ဆင်း
ပျံ့သင်းထုံရှာ။
ပေါင်းမြက်တို့ ပယ်ရှင်းကာ
ပိုးကင်းရာ မြေကိုဆွ။
ပေါင်တင်ပါ နောင်တွင်လှမယ်
ရှင်းသန့်ကြည်မြ။

❋ ပန်းဥယျာဉ်ပမာပြု
ပြည်ထောင်စု တို့နိုင်ငံ။
မျိုးမှန်စွာ ဖိုးတန်လှသည့်
ဘူမိနက်သန်။
စည်းလုံးခြင်း အခြေခံ
ဇာတိမာန် အခြေပြု။
ညီနောင်စုံ တည်ထောင်ပြုခဲ့
တို့ပြည်ထောင်စု။

❋ တို့ပြည်ထောင် ဥယျာဉ်နန်း
ပွင့်ပန်းတို့ ဝေဝေဆာ။
မြေမဟာ ကြည်သာပြုံး
စည်းလုံးညီညာ။
ညီညာမှ ပြည်သာယာ
သည်ကမ္ဘာ ပြိုင်စံရှား။
အမျိုးဘာသာ ရိုးရာမပျောက်အောင်
စောင့်ရှောက်စို့လား။ ။

**မောင်လေပြေ(တောင်တွင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၉:၁၅ | ကျန်းမာသုတ |
| ၇။ | ၁၀:၅၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၉။ | ၁၁:၄၅ | မြန်မာ့ရှုခင်း |
| ၁၀။ | ၁၃:၄၀ | ခရီးလည်းသွား စကားလည်းဆို |
| ၁၁။ | ၁၆:၅၀ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **စိတ်ကောင်းရှိဖို့ ပထမ သရုပ်ဆောင်-အိမ့်ကြာဖြူ၊ အောင်ပြည့်လျှံ၊ ရွှေဘုံသာ၊ ဒါရိုက်တာ-ဇော်မိုးထွေး** |

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ မြို့မပရိယတ္တိ စာသင်တိုက်သို့ရောက်ရှိပြီး ကလောမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကလောမြို့ပေါ် ရပ်ကွက်များအား ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တောင်ကြီးမြို့နယ် သံတဲကျေးရွာသို့ ရောက်ရှိကာ တောင်ကြီးမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တောင်ကြီးမြို့နယ်အတွင်း နေကြာစိုက် သမဝါယမအသင်း (၅)သင်း၊ အသင်းသားတောင်သူ ၁၅၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၇၀၀ အတွက် ရေဆင်းမျိုး-၁ နေကြာမျိုးစေ့များ၊ သွင်းအားစုဓာတ်မြေဩဇာများ၊ ရုရှားသဘာဝရွက်ဖျန်းဆေးရည်များကို အသင်းသားတောင်သူများထံ လည်းကောင်း၊ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် မိုင်းသော် (အနောက်) ကျေးရွာအုပ်စု ပန့်ပုန်းကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း (Smart Village) ရန်ပုံငွေကျပ်သိန်း ၄၀၀ နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကို ကျေးရွာကော်မတီဝင်များထံလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့ ရွှေရတုဆွမ်းစားကျောင်း၌ ရောက်ရှိနေသော ညောင်ရွှေမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း စံဖူးကျေးရွာအပါအဝင် ကျေးရွာ ၁၆ ရွာ၌ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာရေပေးရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟိုပုံးမြို့၌ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်းအဖြစ် သင်တန်းသူ ၁၄ ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံစက်ချုပ်နည်းပညာသင်တန်းမှသင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ ထူးချွန်သူသင်တန်းသူများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၁) ဒေါ်ဝင်းဝင်းမော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးကြည်ဇင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ



**ပဲခူး အောက်တိုဘာ ၂**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ယမန်နေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ပဲခူးမြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၆၀ ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက မေတ္တာပို့ဆုတောင်းပေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အခမ်းအနားတက်ရောက်လာကြသည့် အဘိုးအဘွားများအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနား၌ တိုင်းဒေသကြီးအတွင်း အသက်အကြီးဆုံးဖြစ်သည့် မိုးညိုမြို့နယ်မှ အသက် ၁၁၇ နှစ်ရှိပြီဖြစ်သည့် အဘိုးဦးတင်ဟန်နှင့် ပြည်မြို့နယ် ဖြူးကုန်းကျေးရွာ၌ အသက် ၁၁၈ နှစ်ရှိပြီဖြစ်သည့် အဘွား ဒေါ်ခင်ညွန့်တို့အား ထောက်ပံ့ငွေကျပ်သုံးသိန်းစီ ကန်တော့ခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၅ | ၃၂၁၅ | ၃၁၉၀ | ၃၁၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၁၈၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၅၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၁၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၈၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# FPTP စနစ်ချည်းသာလော ... PR စနစ်ကိုလည်းပါစေချင်ပါသည်

နိုင်ငံရေးသမားဟောင်းတစ်ဦး

ဘဝသက်တမ်းတစ်ဝက်လောက်ကို နိုင်ငံရေးနယ်ပယ်ထဲတွင် ကျင်လည်နေခဲ့သော ကျွန်တော်သည် မီးစာကုန်ဆီခန်းသည့်အချိန် မရောက်သေးသရွေ့ နိုင်ငံ့အရေးအတွက် နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေဦးမည်သာ...။ နိုင်ငံ့အရေးအတွက် နိုင်ငံရေးလုပ်ဖို့ဆိုလျှင်လည်း မသေချာမရေရာသော မဲဆွယ်စကားများ၊ မဟုတ်မမှန်လုပ်ကြံရေးသားသော

**လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ပင်ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတသော၊ ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း မကျေနပ်မှု တစ်စုံတစ်ရာရှိပါက မှတ်ကျောက်တင်စစ်ဆေးမှုကိုခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ် . . .**

**၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးဖို့ လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာသော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အဖြစ်သင့်ဆုံးသော ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင်ရွေးကောက်ပွဲ ၃ ခုတွင် အသုံးပြုခဲ့သော အနိုင်ရသူအကုန်ယူစနစ် (First past the post) နှင့်အတူ အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation) ကိုပါပူးတွဲကျင့်သုံးမှသာ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ် . . .**

နိုင်ငံရေးဇာတ်လမ်းများကြား တံလျှပ်ရေထင် ရွှေသမင်အလိုက်မမှားစေဖို့အတွက် သမိုင်းကျေကြဖို့တော့ လိုပါသည်။ ဖြစ်ချင်သောဆန္ဒများထက် အဖြစ်သင့်ဆုံးအရာများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံရေးရေချိန်ပြည့်ဝနေဖို့လည်းလိုအပ်လှပေသည်။ လက်ရှိတွင် နိုင်ငံတော်ကိုအုပ်ချုပ်နေသော တည်ဆဲအစိုးရက လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲတစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း ကြားသိရပြီးနောက် ထိုရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကျွန်တော့်အမြင်ကို စာဖတ်သူတို့ သိရှိနိုင်ရန် ရေးသားလိုက်ရပေသည်။

လွတ်လပ်ရေးရပြီးချိန်ကစလို့ မြန်မာနိုင်ငံ၏ ပါတီနိုင်ငံရေးသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့သည့်အချိန်တွင် ဖဆပလပါတီကသာ အနိုင်ရခဲ့သည်။ အခြားသောပါတီများက အိမ်ဖြည့်အဖြစ်မျှသာ ပါဝင်နိုင်သည်။ အတိုက်အခံအဆင့်အထိ ရပ်တည်နိုင်ခြင်းမျိုးမရှိခဲ့ပါ။ ဖဆပလတစ်ပါတီတည်းမှာပင် အာဏာကိုဆက်တိုက်ရလာသည့်အခါ ပါတီတွင်း အကွဲအပြဲမှာ ထိန်းသိမ်းမရအောင်ပေါ်လာခဲ့သည်။ ဦးဗိုလ်သခင်ဆိုသော စကားရပ်သည် ထိုစဉ်က ပေါ်လာသည့်စကားဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖဆပလပါတီဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က သူတို့အစိုးရအဖွဲ့ (ပါတီ) အကွဲအပြဲဆိုးရွားလာသည့်အတွက် ထိုစဉ်ကတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို အိမ်စောင့်အစိုးရအဖြစ်လွှဲပြောင်းပေးခဲ့သည်။

ထိုတုန်းကအိမ်စောင့်အစိုးရဆိုတာ တပ်ကလူတွေချည်းမဟုတ်ခဲ့ပါ။ အရပ်သားပညာရှင်တွေအများကြီးပါပါသည်။ ၁၉၆၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည့်အခါ ဖဆပလမှ သန့်ရှင်းနှင့်တည်မြဲကွဲသွားကာ သန့်ရှင်းဖဆပလက အနိုင်ရ၍ အစိုးရဖွဲ့နိုင်ခဲ့သည်။ ပြည်ထောင်စုပါတီဟု အမည်ပြောင်းသည်။ ၁၉၆၂ ခုနှစ်တွင်ပြည်နယ်များ သီးခြားခွဲထွက်ခွင့်ဖက်ဒရယ်မှုကို တောင်းဆိုလာကြ

**FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွှဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကို ရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်မှုကိုဖြစ်ပေါ်စေနိုင် . . .**

သည်။ ဤပြဿနာမှာ တိကျသောအဖြေပေါ်ထွက်မလာဘဲ ငြင်းခုံခြင်းဖြင့် အချိန်များကုန်လွန်ခဲ့သည်။ ကြာလာလျှင် တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပေါ်လာကာ အစိုးရတစ်ရပ်ပေါ်လာခဲ့သည်။ နိုင်ငံရေးသမားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေရန်အတွက် ပါတီပေါင်းစုံမှခေါင်းဆောင်များကို တစ်ပါတီစနစ်တွင် ပါဝင်စေခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသည်မှာ ပါတီပေါင်းစုံပါဝင်ဖွဲ့စည်းကာ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တစ်ပါတီစနစ်ကိုလေ့လာသည့်အခါ နိုင်ငံတိုးတက်စေရေး စီးပွားရေးမူဝါဒပြောင်းသင့်သည့်အချိန်တွင် မပြောင်းခဲ့သည့်အတွက် နိုင်ငံစီးပွားရေးများစွာ ကျဆင်းခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ရပ်ပေါ်ပေါက်လာကာ အုပ်ချုပ်မှုယန္တရားများ ရပ်ဆိုင်းသွားခဲ့သည်။ ဤနေရာတွင်စာရေးသူအနေဖြင့် ယနေ့လူငယ်များမသိသေးသည့်အချက်အချို့ကို ဖော်ပြချင်ပါသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေး ရုပ်သိမ်းကာ ဒီမိုကရေစီပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့သည်။ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်စေသည်။ သို့သော်ပြည်ပက သွေးထိုးနှောင့်ယှက်မြှောက်ပင့်ပေးမှုကြောင့် ဒီမိုကရေစီမဟုတ်တော့ဘဲ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ လူသတ်

ခေါင်းဖြတ်သည့်အပြင် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရားပျက်သွားသည့်အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရသည်။

ဒီနေရာမှာ ကျွန်တော်သည် မျှတသောအမြင်ဖြင့် ရေးသားလိုပါသည်။ နဝတ/နယက လက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ အများကြီးလုပ်ခဲ့သည်။ သူတို့ဆောက်ပေးထားသည့် လမ်းတံတားတွေ၊ အဆောက်အအုံတွေ၊ နောက်ဆုံးတက္ကသိုလ်တွေ အများကြီးပြစရာကျန်ခဲ့သည်။ ပြည်သူများတောင့်တနေသည့် ဒီမိုကရေစီစနစ်ကို စနစ်တကျအကောင်အထည်ဖော်ပေးကာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်ကဘွဲ့ရခဲ့သော ကျောင်းသား၊ ကျောင်းသူတို့သည် မိမိတို့တက်ခဲ့သော တက္ကသိုလ်ကိုမည်သည့်အစိုးရက တည်ဆောက်ပေးခဲ့သည်ကို သိသူနည်းပါးလှသည်။ စစ်အာဏာရှင်ဟူသော စကားလုံးအောက်တွင် သူတို့၏အသိအမြင်များကို နိုင်ငံရေးသမားအမည်ခံအစွန်းရောက်ဝါဒစွဲကိုင်သူအချို့က အရောင်ဆိုးပေးခဲ့သည်။

နယက အစိုးရက တစ်နိုင်ငံလုံးမှာရှိသော အသိပညာရှင်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ရေးဆွဲပေးခဲ့ပြီး ထိုဥပဒေအရ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲဟူ၍ ရွေးကောက်ပွဲသုံးကြိမ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အာဏာကို အလွဲသုံး

စားပြုကာ မဲမသမာမှု ကြီးကြီးမားမား ဖြစ်ခဲ့သည်။ ဘယ်လိုနည်းနဲ့နိုင်နိုင် နိုင်အောင်လုပ်ရမည်ဆိုသည့် ပါတီခေါင်းဆောင်၏စကားကြောင့် မဲမသမာမှုမှာ ဖြေရှင်းမရနိုင်လောက်အောင်ဖြစ်ခဲ့သည်။ ထိုအချိန်ကသာ မဲမသမာမှုဖြစ်စဉ်ကို သက်ဆိုင်သူအားလုံးက ပူးပေါင်းဖြေရှင်းမည်ဆိုပါက မြန်မာနိုင်ငံ၏အနာဂတ်မှာ သာယာနေမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဟူသော ဒီမိုကရေစီနည်းလမ်းကို သုံးသင့်ပါလျက် မသုံးဘဲနေခဲ့သည်။ ဤဖြစ်ရပ်မှန်ကို အနောက်နိုင်ငံနှင့် အပေါင်းပါတို့က ရေငုံနှုတ်ပိတ်နေခဲ့သည်။ ဒါကလည်း အကြောင်းရှိသည်။ မဲမသမာမှုဖြစ်နေမှန်းသိသော်လည်း နှုတ်ပိတ်မနေလျှင် သူတို့အလိုကျကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရကို လက်လွှတ်လိုက်ရမည်ဖြစ်ကြောင်းသိနေသဖြင့် သူတို့အာဏာစက်အတိအကျသက်ရောက်မည့် အစိုးရမျိုးကို ဒီမိုကရေစီအကြောင်းပြကာ အစိုးရတင်မြှောက်လိုခြင်းကြောင့်ဖြစ်သည်။

တပ်မတော်က ဒီမိုကရေစီစနစ်ကို ခိုင်မာစွာတည်ဆောက်ပေးခဲ့သည့်အတွက် ဒီလိုမျိုး ဒီမိုကရေစီစနစ်ပျက်ယွင်းသွားမည်ကို လိုလားမည်မဟုတ်ကြောင်း ကျွန်တော်ပြေးကြည့်စရာမလို တွေးကြည့်ရုံနှင့် တင်သိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် တပ်မတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားသည်။ ထို့ကြောင့်အရေးပေါ် ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်ကနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ထိုနေ့ကမှတ်မှတ်ရရ မဲမသမာမှုအငြင်းပွားနေသည့်လွှတ်တော်ခေါ်ယူမည့်နေ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်ပြီး အစိုးရတစ်ရပ်ဖွဲ့စည်းပါသည်။ သေချာ လေ့လာကြည့်လျှင် ထိုအစိုးရတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တပ်တို့ အချိုးအစားတူညီစွာ ဖွဲ့ထားခြင်းဖြစ်သည်။ အဓိကအချက်ပြောရရင် တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမည်။ အနိုင်ရပါတီအဖွဲ့အစည်းကို အာဏာလွှဲအပ်မည်။ မဲမသမာမှု အမှန်တကယ်ရှိကြောင်းကိုလည်း မြေပြင်ကွင်းဆင်းပြီး တိတိကျကျဖော်ထုတ်မည်။ တကယ်လည်း ဖော်ထုတ်ပေးခဲ့သည်။ မဲ ၁၁ သန်းကျော် မသမာမှုပြုခဲ့သည်။ နစကအစိုးရသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ်များကိုပင် လွတ်လွတ်လပ်လပ်သွားလာခွင့်ပြုထားခဲ့သည်။ ထိုသို့လွတ်လပ်ခွင့်ပေးလိုက်ခြင်းကပင် ရွေးကောက်ခံကိုယ်စားလှယ်အချို့ ပြည်ပထွက်ပြေးခွင့်ရကာ ယခုပေါ်ပေါက်နေသည့် CRPH, NUG စသဖြင့်

စာမျက်နှာ ၁၂ သို့

**PR စနစ်၏အားသာချက်များကိုဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှုနည်းပါးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန်ပိုမိုလွယ်ကူခြင်း၊ မဲဆန္ဒနယ်နိမိတ်များရေးဆွဲသတ်မှတ်ရန်မလိုခြင်း(သို့မဟုတ်) နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲ ပေးရန်ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့် လာရောက်မဲပေးသူများ အရေအတွက်များပြားနိုင်ဖွယ်ရှိခြင်းတို့ပင်ဖြစ် . . .**

❁ စာမျက်နှာ ၁၁ မှအဆက်

စင်ပြိုင်အစိုးရ တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်လက်တွေ့ကျကျပြောရလျှင် နစက အစိုးရသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ ထိုသူများသာ နိုင်ငံချစ်စိတ်၊ သဘောထားရိုးဖြောင့်သည့်စိတ်ရှိပါက ပါတီကို ဆက်လက်တည်ထောင်ကာ ရွေးကောက်ပွဲဝင်ကြရန်ဖြစ်သည်။ သို့သော်သူတို့သည် မသိနားမလည်သောလူငယ်များကို မမှန်မကန်ဝါဒဖြန့်ကာ စစ်အာဏာရှင်တိုက်ဖျက်ရေးဟူသောစကားလုံးဖြင့် လမ်းမှားသို့ပို့ကာ လူသတ်၊ မိုင်းထောင်၊ အကြမ်းဖက်လုပ်ရပ်များလုပ်စေခဲ့သည်။ နိုင်ငံကိုပျက်စီးအောင်လုပ်ဆောင်လျက်ရှိသည်။ အမှန်တကယ်တော့ စစ်အာဏာရှင်ဟု သူတို့စွပ်စွဲနေသော နစကအစိုးရသည် အာဏာရှင်မဆန်စွာ အလွန့်အလွန်သဘောထား ပျော့ပျောင်းသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း သူတို့လုပ်ရပ်ကြည့်ကာ ကျွန်တော်မှတ်ချက်ပြုချင်သည်။ CRPH, NUG နှင့်PDFဟူသော အကြမ်းဖက်အဖွဲ့များသာ မပေါ်ပေါက်လာပါက ယခုအချိန်တွင် မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းတွင် ပြန်လည်လျှောက်လှမ်းနေနိုင်ပြီဖြစ်သည်။ ဒီမိုကရေစီတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး ၃ ရပ်ရှိသည်ကို အားလုံးသိကြမည်ထင်ပါသည်။ ထိုထဲကမှ ဥပဒေပြုရေးအတွက် အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းမှာ လွှတ်တော်ဖြစ်ပါသည်။ လိုရင်းပြောရလျှင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ဥပဒေပြုရမည့်သူများဖြစ်ပါလျက် ဥပဒေကို မျက်ကွယ်ပြုကာ အကြမ်းဖက်လမ်းစဉ်ကိုရွေးခဲ့ကြသည်။ မိုက်မဲလိုက်ကြသည်ဖြစ်ခြင်း ...။

လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ **လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ပင်ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတသော၊ ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း မကျေနပ်မှု တစ်စုံတစ်ရာရှိပါက မှတ်ကျောက်တင်စစ်ဆေးမှုကိုခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ်သည်။ အချို့သောနိုင်ငံရေးမှတ်ချက်တချို့က တပ်မတော်မှဖြစ်ပေါ်လာသော ယခုအစိုးရသည် ရွေးကောက်ပွဲဖြစ်မြောက်ရန် အားထည့်ဆောင်ရွက်နေခြင်းမှာ ထိုရွေးကောက်ပွဲကသာလျှင် တပ်မတော်အတွက် ထွက်ပေါက်ဖြစ်သောကြောင့်ဟူ၍ ကြားသိနေရသည်။ ထိုမှတ်ချက်နှင့်ပတ်သက်၍ ကျွန်တော့်အမြင်ကိုပြောပါဟုဆိုလာပါက အဖြေသည် ခပ်ရှင်းရှင်းသာရှိလေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဆိုသည်မှာ ဒုတိယဒီမိုကရေစီအစိုးရအနေဖြင့် မဲလိမ်မဲခိုးမှုများ၊ မဲမသမာမှုပြဿနာများကို ပြည်သူလူထုအားဖြေရှင်းရန်ပျက်ကွက်ခဲ့မှုကြောင့် ထိုပြဿနာများကို ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည့်အတွက် ထိုပြဿနာများကို ပြေလည်အောင်ဖြေရှင်းပြီး **လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ကို ရည်မှန်းချက် ၂ ရပ်၊ ရှေ့လုပ်ငန်းစဉ်များ ၅ ရပ်နှင့် ဦးတည်ချက်များ ၉ ရပ်တို့ချမှတ်ကာ လက်ရှိတည်ဆဲအစိုးရက ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်ပါသည်။

နစကအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးဖို့ လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာသော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင်အဖြစ်သင့်ဆုံးသော ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင်ရွေးကောက်ပွဲ ၃ ခုတွင် အသုံးပြုခဲ့သော **အနိုင်ရသူအကုန်ယူစနစ် (First past the post)** နှင့်အတူ **အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation) ကိုပါပူးတွဲ**ကျင့်သုံးမှသာ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ်ပါသည်။

**အနိုင်ရသူအကုန်ယူစနစ် (First past the post)**

မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ယှဉ်ပြိုင်သူများအနက် မဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်သော စနစ်ဖြစ်ပါသည်။ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ယောက်သာ ရွေးကောက်တင်မြှောက်သည့် ပုံသဏ္ဌာန်မှာ ယှဉ်ပြိုင်သူများအနက်မှ **အနိုင်ရသူအကုန်ယူစနစ် (First past the post)** ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ရာ ယင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် ဆန္ဒမဲပေးသူများအတွက် အချိုးကျနှင့် သင့်တင့်လျောက်ပတ်သည့် ကိုယ်စားပြုခြင်း မရရှိနိုင်ပါ။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင် တင်ပြလိုပါသည်။ လူအယောက် ၁၀၀၀ ခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် A,B,C ဟူ၍ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်သူ ၃ ဦးရှိသည်ဆိုကြပါစို့။ A သည် ၄၀၀ မဲ၊ B သည် ၂၅၀ မဲ၊ C သည် ၃၅၀ မဲရလျှင် A သည် မဲအများဆုံးရသဖြင့် ထိုမဲဆန္ဒနယ်အတွက်ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ခံရလေသည်။ ထိုဖြစ်စဉ်ကိုသုံးသပ်လျှင် လူ ၁၀၀၀ တွင် A ကို ကြိုက်သူ ၄၀၀၊ မကြိုက်သူ ၆၀၀ ခန့်ရှိသော်လည်း A သည် ထိုမဲဆန္ဒနယ်ရှိ လူ ၁၀၀၀ လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်ဖြစ်သွားခြင်းပင်ဖြစ်သည်။

**FPTP စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွှဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကို ရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်မှုကိုဖြစ်ပေါ်စေနိုင်ပါသည်။

FPTP စနစ်၏ အားနည်းချက်များမှာ အကြမ်းဖျင်းအားဖြင့် လူနည်းစုပါတီများကို ဘေးဖယ်ထားခြင်း၊ လူနည်းစုများကိုဖယ်ထုတ်ထားခြင်း၊ အမျိုးသမီးများကို ချန်လှပ်ထားခြင်း၊ မဲအလေအလွင့်ဖြစ်မှုများပြားခြင်း၊ မကြာခဏကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်လိုခြင်း၊ ဆန္ဒမဲနယ်နိမိတ်ကန့်သတ်ရန်လိုအပ်ခြင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ရည်ရွယ်သည့် လက်ဝါးကြီးအုပ်မှု ဖြစ်ပေါ်စေနိုင်ခြင်းနှင့် အဝေးရောက်မဲပေးစနစ်ကို စီစဉ်ရခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

**အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation)**

မဲဆန္ဒနယ်တစ်ခုကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအလိုက်ရရှိမည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင် တင်ပြလိုပါသည်။ လူဦးရေ ၁၆ သိန်းခန့်ရှိသော မဲဆန္ဒနယ် ၁ ခုတွင် ကိုယ်စားလှယ် ၈ ဦးသတ်မှတ်ထားသည်ဆိုပါစို့။ အကြမ်းဖျင်းအရ ကိုယ်စားလှယ်တစ်ဦးလျှင် လူ ၂ သိန်းခန့် အချိုးကျကိုယ်စားပြုသည့်သဘောပင်ဖြစ်ပါသည်။ ထိုမဲဆန္ဒနယ်တွင် ပါတီ ၄ ခုက ဝင်ရောက်ယှဉ်ပြိုင်လျှင် မဲဆန္ဒပေါင်း ၈ သိန်းရရှိသည့် ပါတီက ကိုယ်စားလှယ် ၄ နေရာ၊ မဲဆန္ဒ ၄ သိန်းရရှိသော ပါတီက ၂ နေရာ၊ မဲဆန္ဒပေါင်း ၂ သိန်းစီရရှိသော ပါတီ ၂ ခုက ကိုယ်စားလှယ်နေရာ ၁ နေရာစီဟူ၍ စုစုပေါင်း ၈ နေရာ ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။

**PR စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

PR စနစ်၏အားသာချက်များကိုဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှုနည်းပါးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန်ပိုမိုလွယ်ကူခြင်း၊မဲဆန္ဒနယ်နိမိတ်များရေးဆွဲသတ်မှတ်ရန်မလိုခြင်း(သို့မဟုတ်) နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရန်ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့်လာရောက်မဲပေးသူများ အရေအတွက် များပြားနိုင်ဖွယ်ရှိခြင်းတို့ပင်ဖြစ်ပါသည်။

PR စနစ်၏အားနည်းချက်များကိုဖော်ပြရလျှင် ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်စေပြီး အစိတ်စိတ်အမြွှာမြွှာကွဲပြားနေသောပါတီစုံစနစ်ကိုဖြစ်ပေါ်စေခြင်းဟူသော ဝေဖန်မှုများရှိခြင်းနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့များကို ဖြစ်ပေါ်စေသဖြင့် အကျိုးဆက်အဖြစ် ဥပဒေပြုရေးကိစ္စတွင် လျော်ကန်သော မူဝါဒများချမှတ်ရန် အကျပ်အတည်း ဖြစ်စေတတ်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။

**FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး**

တိုင်းရင်းသားလူမျိုးစုများတွင် လူဦးရေများသော အုပ်စုများလည်းရှိသကဲ့သို့ လူဦးရေနည်းသော အုပ်စုများလည်းရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများသောနေရာဒေသများတွင် FPTP စနစ်နှင့်သာ ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် တိုင်းရင်းသားမျိုးနွယ်လူနည်းစု အတော်များများသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ရောက်လာနိုင်ရန် ရာခိုင်နှုန်းအလွန်နည်းပါးသည်။ ကျွန်တော် ကျင်လည်ခဲ့သော နိုင်ငံရေးသမားဘဝအတွေ့အကြုံများအရ ပြောရမည်ဆိုလျှင် ဥပမာအနေနှင့် ကချင်ပြည်နယ်တွင် ဂျိမ်းဖောလူမျိုးကများပြီး လီဆူးလူမျိုးနှင့် ရဝမ်လူမျိုးတို့မှာ လူဦးရေနည်းပါးသည်။ ထို့အတူပင် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးနှင့် ပအို့ဝ်လူမျိုးမှာ လူဦးရေများပြားသော်လည်း ဓနုလူမျိုးနှင့် အာခါလူမျိုးမှာ လူဦးရေနည်းပါးပါသည်။

ယခင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက ဥပမာတစ်ခု၊ နှစ်ခုကိုချပြရမည်ဆိုလျှင် ပထမဥပမာအနေဖြင့် ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ NLD ပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ပအို့ဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၆၃၀ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပါ။

ဒုတိယဥပမာအနေဖြင့် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၁,၈၂၃ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပါ။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ တိုင်းရင်းသားမျိုးနွယ် ၁၀၀ ကျော်မှီတင်းနေထိုင်နေကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၎င်းတိုင်းရင်းသားအများစုသည်လည်း ပြည်နယ်များတွင် နေထိုင်ကြသည်ကသာ များလေသည်။ အထက်ပါ ဥပမာနှစ်ခုမှာ FPTP စနစ်ကြောင့် တိုင်းရင်းသားနယ်မြေများတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများ ကိုယ်စားလှယ်အဖြစ်ပါဝင်ခွင့်မရခဲ့သည့် အခြေအနေများထဲမှ အချို့ကိုသိသာနိုင်စေရန် တင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းသားနယ်မြေတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည် မဟုတ်ပါလား။

အထက်ပါဖော်ပြခဲ့သောဖြစ်စဉ်ဖြစ်ရပ်များမှ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ တိုင်းရင်းသားမျိုးနွယ်စုများပြားသော ပြည်နယ်များတွင်လူဦးရေနည်းပါးသောတိုင်းရင်းသား မျိုးနွယ်စုများ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် **ပြည်နယ်များတွင် PR စနစ်ကို ကျင့်သုံးခြင်းသည် အကောင်းဆုံး**ဖြစ်ပါသည်။ သို့မှသာ လူဦးရေနည်းသော တိုင်းရင်းသားလူနည်းစုများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များ အစရှိသည့်

စာမျက်နှာ ၁၃ သို့ ❁

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**“အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့”**

**“Empowering the next generation for a resilient future”**

**အောက်တိုဘာလ (၁၃) ရက်**




# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားကိုးဆူကို မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ဘုရားလေးဆူ မိုးကြိုးလွှဲတပ်ဆင်ပြီးဖြစ်

ညောင်ဦး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဘုရားကိုးဆူကိုမိုးကြိုးလွှဲတပ်ဆင်နိုင်ရန်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မိုးကြိုးလွှဲတပ်ဆင်ပြီး ဘုရားလေးဆူပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှသိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သော်လည်း ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ ၂၀၂၃ ခုနှစ်အတွင်း ဗူးဘုရားစေတီတော်နှင့်ဓမ္မရာဇကစေတီတော်တို့အား မိုးကြိုးစက်ကွင်းထိမှန်ခဲ့ကြောင်း ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း အမြဲမပြတ်ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ငက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ပြဿဒ်ကြီးဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ လေးမျက်နှာဘုရား၊ မင်္ဂလာစေတီနှင့် စေတနာကြီးဘုရားတို့တွင်မိုးကြိုးလွှဲတပ်ဆင်လျက်ရှိရာ ငက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရားနှင့် ရှင်အဇ္ဇဂေါဏဘုရားလေးဆူတို့ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးသည့် ဘုရားလေးဆူတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးအထူးအဖွဲ့(၇)မှ တာဝန်ရှိသူများသည် မိုးကြိုးလွှဲတပ်ဆင်ရန်ကျန်သည့်ရှေးဟောင်းဘုရားငါးဆူတို့ကို မိုးကြိုးလွှဲတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိဘုရားများ မိုးကြိုးလွှဲဆက်လက်တပ်ဆင်နိုင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

# ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (၂၀၂၄) ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




နေပြည်တော် အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ(၂၀၂၄) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် ဆေးတက္ကသိုလ်(၂)ရန်ကုန်အသင်းနှင့် ဆေးတက္ကသိုလ်မကွေးအသင်းတို့ယှဉ်ပြိုင်ကစားကြပြီး ဆေးတက္ကသိုလ်မကွေးအသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကာ နေရာအလိုက်အကောင်းဆုံးအားကစားသမားဆု၊ နှစ်သိမ့်ဆု၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဒုတိယဆုရရှိသည့်အသင်းကို ဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပထမဆုရရှိသည့်အသင်းကို ကျန်းမာရေးဝန်ကြီးဌာနတံခွန်စိုက်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများကိုလှည့်လည်ကြည့်ရှုကာ ရေထုတ်မြောင်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ကျေးရွာအတွင်း ရေတင်ကျန်သည့်နေရာများမှ ရေများထွက်ရှိရေး၊ အမှိုက်များ၊ ဒိုက်များ၊ သဲနုန်းများ ရှင်းလင်းဖယ်ရှားရေးတို့ကို အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။




ထို့နောက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ စည်ပင်ကြီးကျေးရွာတို့အတွင်း ရေဝင်ရောက်ခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ချောင်းကမ်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ နေပြည်တော်-ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်းသို့ ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇/၁)၌ ပန်းချောင်းသံပေါင်ယာယီဘေလီတံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် တောင်ကျရေများစီးဆင်းမှုကြောင့် လမ်းဘေးဝဲ/ယာရှိတောင်ကမ်းပါးယံများမှ ကျောက်တုံးကျောက်ခဲများ၊ မြေသားများပြိုကျပြီး လမ်းသားများပျက်စီးခဲ့သည့်နေရာများကို လမ်းဦးစီးဌာနမှပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် လုပ်သားများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အဆိုပါလမ်းရှိ မိုင်တိုင်အမှတ် (၃)တွင် လမ်းပေါ်ရေကျော်မှုအား ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရေစီးဆင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘာသာရေးအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ တွေ့ဆုံ၊ ဂရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ လူငယ်များအား ဆန်နှင့်စားသုံးဆီများထောက်ပံ့







မြစ်ကြီးနား အောက်တိုဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့ ၁၆ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံနှင့် မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘာသာတရား၏အဆုံးအမအောက်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး ဆုတောင်းဆက်ကပ်အပ်နှံပေးကြရေးနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် အားလုံးက ပွင့်လင်းရင်းနှီးစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနား တက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့ အသီးသီးမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက သာသနာပြုလုပ်ငန်းများတွင် လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးကြပြီး ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ သိက္ခာတော်ရဆရာတော်နှင့် ကက်သလစ်အသင်းတော်ဖာသာတို့က ဆုတောင်းပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အဆိုပါ အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးပွဲကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များအနေဖြင့် မိမိတို့ပြည်နယ်/မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်သည့်နေရာမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက်တိုင်းရင်းသားခေါင်းဆောင်များက စာပေယဉ်ကျေးမှုနှင့် အမွေအနှစ်များထိန်းသိမ်းရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်စွက်သုံးသပ်ရှင်းလင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဂရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ သွားရောက်ပြီး စခန်းအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံးနှင့် ငွေကျပ်သိန်း ၅၀ ကို ကျောင်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါး၊ မိုးနေကြာစိုက်ပျိုးနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်သည်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာများအား မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အောက်စုကျေးရွာရှိ တောင်သူဦးတင်ထွန်း၏ မိုးစပါးရေကြီးနစ်မြုပ်ဧရိယာ စိုက်ဧက ၂ ဒသမ ၅၀ ဧကတွင် ဗျော့ထွန်းစပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ တောင်သူ ဦးအောင်စိုး၏ ယာမြေတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ် ၅ ဧက စိုက်ပျိုးပွဲကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကဇွန်းခုံကျေးရွာအုပ်စုရှိ ဆီထွက်သီးနှံအထူးဇုန်မြေပဲ၊ နှမ်း၊ နေကြာ ဧက ၃၅၀ စိုက်ခင်းရှိ တောင်သူ ဦးမိုးကျော်သူ၏ မိုးနေကြာ (ဆင်းရွှေကြာ-၂)နှင့် မိုးမြေပဲ (မကွေး-၁၂) စိုက်ခင်း၊ တောင်သူ ဦးအေးလင်း၏ မိုးနေကြာ(ဆင်းရွှေကြာ-၂) စိုက်ခင်း၊ တောင်သူ ဦးမြင့်အောင်၏ မိုးနှမ်း(စမုန်နက်) စိုက်ခင်းတွင် ပေါင်းလိုက်ခြင်း၊ တမန်းနှီးခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ "ကောင်းသန့်"ဆီစက်သို့သွားရောက်၍ မြေပဲ၊ နေကြာဆီများကြိတ်ခွဲထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ယခင်နှစ်များထက် နေကြာဆီပိုမိုကြိတ်ခွဲရရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင်ဆရာ၊ ဆရာမများက Tablet များဖြင့် တစ်အိမ်တက်ဆင်းသန်းခေါင်စာရင်းကောက်ယူနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကိုကြည့်ရှုအားပေးသည်။



ဆက်လက်၍ မြန်အောင်မြို့ အောင်ဇေယျာအားကစားခန်းမ၌ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်အောင်၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်တို့မှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

(၅၀၀)

# ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော်  အောက်တိုဘာ ၂

နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာများတိုးပွားလာစေရန်ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းလုပ်ငန်းစဉ်များ ပါဝင်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့်စာရိတ္တများ ပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံ့ဝန်ထမ်းများ၏ကဏ္ဍသည် အရေးကြီးသည့်နေရာတွင် ပါဝင်နေသည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ များလာပါက နိုင်ငံတော်၏ စွမ်းဆောင်မှုသည်လည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အလွဲသုံးစားပြုလုပ်မှုများ ကြီးမားကျယ်ပြန့်လာမှုကို အချိန်မီ တားဆီးကာကွယ်မှုများမလုပ်နိုင်ပါက နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုများလည်းဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းစင်စွာ ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှစိတ်ဖြင့်ဆက်ဆံရန်၊ မိမိတာဝန်ကို မိမိကျေပွန်စွာထမ်းဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့်နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# ပြင်ဦးလွင်မြို့ရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး MSME ဖွံ့ဖြိုးတိုးတက်ရေး၊ အရင်းအနှီး၊ နည်းပညာလွှဲပြောင်းရရှိရေးနှင့် ဈေးကွက်ရရှိရေးကိစ္စရပ်များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆွေးနွေးပြောကြား



နေပြည်တော်  အောက်တိုဘာ ၂

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဝိုင်၊ ယိုစုံနှင့် မလိုင်ထုတ်လုပ်သည့် MSME လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းတွင် သုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ MSME လုပ်ငန်းရှင်များကို ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေပမာဏအနေဖြင့် အသေးစားလုပ်ငန်းကို ငွေကျပ် ၁၀ သန်း၊ အငယ်စားလုပ်ငန်းကို ငွေကျပ်သန်း ၅၀ နှင့် အလတ်စားလုပ်ငန်းကို ငွေကျပ်သန်း ၁၀၀ အထိ ထုတ်ချေးပေးလျက်ရှိကြောင်း။

MSME ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီးပါက အသေးစား(Micro)စီးပွားရေးလုပ်ငန်းများနှင့် အစပျိုးစီးပွားရေးလုပ်ငန်းများ(Startup)ကို ထဲထဲဝင်ဝင် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပါက ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်အားပေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံစက်မှုဇုန်အတွင်းရှိ Burst Transmission Co., Ltd. ၏ မှန်ဘီလူးများ၊ မှန်ဘီလူးကိုယ်ထည်များ၊ အဏုကြည့်မှန်ပြောင်းများ၊ လုံခြုံရေးကင်မရာခေါင်းလောင်းများ၊ ကင်မရာတွင်ပါဝင်သည့် ပလတ်စတစ်အစိတ်အပိုင်းများ၊ ပရင်တာအစိတ်အပိုင်းများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဆားကစ်ပြားများ ဒီဇိုင်းရေးဆွဲထုတ်လုပ်နေမှု၊ ကိုဒက်ကင်မရာအမျိုးအစားများ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာလွှဲပြောင်းရရှိရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်တိုးမြင့်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးရန်၊ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီးဂျူဒိုပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ဂျူဒိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်က တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



(၅၄)ကြိမ်မြောက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။




(၅၄)ကြိမ်မြောက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် အားကစားသမားများယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။







တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားသမားများယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

➪ **ကျောဖုံးမှအဆက်**

အခမ်းအနားကို ဖေယျာသီရိအားကစားရုံ (A)၌ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ရာ အသင်းလိုက်ပြိုင်ပွဲ၊ ပထမ၊ ဒုတိယ၊ တတိယ၊ ပူးတွဲတတိယဆုရအသင်းများနှင့် ကီလိုတန်းအလိုက် အမျိုးသား/အမျိုးသမီးအကောင်းဆုံးကစားသမားဆုရရှိသူများ၊ မျိုးဆက်သစ်အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေ (၃)ခု၊ ငွေ (၁)ခု၊ ကြေး (၃)ခုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် မျိုးဆက်သစ်အမျိုးသား တံခွန်စိုက်ဒိုင်းဆုကို ရွှေ (၃)ခု၊ ကြေး(၂)ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေ (၃)ခု၊ ငွေ (၂)ခု၊ ကြေး (၂)ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေ (၈)ခု၊ ငွေ (၂)ခု၊ ကြေး (၄)ခုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ (၁၁ ) ခု၊ ငွေ (၃)ခု၊ ကြေး (၅)ခုဖြင့်ရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား တပ်မတော်ဂျူဒိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ဖေယျာသီရိတပ်မတော်အားကစားကွင်း၌ကျင်းပလျက်ရှိသော ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲယှဉ်ပြိုင်ကစားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဖေယျာသီရိအားကစားရုံ(B)၌ အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဖေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ (၅၄)ကြိမ်မြောက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကျင်းပရာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပြီးနောက် ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ လက်ဝှေ့ဒိုင်လူကြီးများကို ဂုဏ်ပြုဆုနှင့်“လူသစ်တန်း”၊ “က” တန်း၊ “အလွတ်တန်း” အဆင့် ဗိုလ်လုပွဲများတွင် တစ်ဦးချင်းဆုရရှိသူများအား တပ်မတော်လက်ဝှေ့ကော်မတီ၊အတွင်းရေးမှူးတပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှ ကျောင်းအုပ်ကြီးကလည်းကောင်း၊ “လူသစ်တန်း” အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ “က”အဆင့် အကောင်းဆုံးလက်ဝှေ့ အားကစားသမားဆုအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ(၂)ကလည်းကောင်း၊ “ အလွတ်တန်း ”အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ “လူသစ်တန်း”၊ “က”တန်း၊ “အလွတ်တန်း”အဆင့် တံခွန်စိုက်ဒိုင်းများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ (၅၄)ကြိမ်မြောက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myeik District exports more than 24,000 tons of fishery products to Thailand



MYEIK October 2

Myeik District Fisheries Department of Tanintharyi Region stated that local businesspersons in Myeik District have exported 24,031.53 tons of fishery products to Thailand, earning US$-25.63 million of foreign currency from April to August in 2024-2025 financial year.

U Zaw Min Oo, Deputy Director of Myeik District Fisheries Department commented that fishery products were sent to Thailand via Mawtaung and Kawthoung-Ranong border lands.

He continued: "Myeik District plays a crucial role in Tanintharyi Region to export fishery products abroad. From April to August this financial year, local businesspersons shipped 24,031.53 tons of fishery products to Thailand. In this regard, Mawtaung border trade camp managed export of more than 20 tons of fresh fish whereas Kawthoung border point handled dried fish meal. Of them, Kyunsu and Palaw townships primarily exported marine products. These townships are making preparations to breed seawater white shrimp."

With regard to export of marine products from Tanintharyi Region, Kawthoung, Dawei and Myeik districts dispatched fish, shrimp, farming fish and prawn as well as other fishery products to Thailand in addition to Yangon market through road transport and waterway.

**SMK**

# Mawlamyinegyun ships 60,000 visses of mud crabs to Yangon market



MAWLAMYINEGYUN October 2

Up to 60,000 visses of mud crabs from Mawlamyinegyun Township, Ayeyawady Region, were sold to the Yangon market said Daw Swe Swe Win, the owner of Mawlamyinegyun Township's fishery products fair.

During July, they were able to sell only 42,000 visses of mud crabs to the Yangon market, and from August 1 to 31, they were able to sell up to 60,000 visses of mud crabs. The crabs are being bought from the Yangon market.

"We are selling aquatic products, including mud crabs, from Mawlamyinegyun to the Yangon market. The crabs we sold to the Yangon market are captured from the fields. At present, the fishery products transported from this side are being bought from the Yangon market. It is said that crabs are being bought because of domestic demand and the presence of foreign markets," she said.

Fishery products, including mud crabs from Mawlamyinegyun Township are being sold to the Yangon market.

**SK**

# Monsoon green gram planted on more than 5,000 acres of land in Kyunhla Township

KYUNHLA October 2

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Nyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်နေ ညီညီအောင်အား နံနက် ၉ နာရီ ၅၀ မိနစ်တွင်လည်းကောင်း၊ "@user 9338069275500" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ်၊ ထန်းကိုးပင်ကျေးရွာနေ ချိုလွင်ဦး နှင့် "ko.gyi 0636" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်းစိုင်းကျေးရွာနေ နိုင်းကိုကိုတို့အား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ "myatsoenaungto" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နွယ်နီကျေးရွာနေ မြတ်စိုးနောင်(ခ) နောင်နောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# စက်တင်ဘာလ စတုတ္ထပတ်အတွင်း တရားမဝင် ကျွန်း၊ သစ်မာနှင့် ယာဉ်/ယန္တရား ၇ စီး ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂**


နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ တရားမဝင်**ကျွန်း (၁၆ ဒသမ ၃၉၄၄)တန်၊ သစ်မာ (၃ ဒသမ ၅၁၈၂) တန်နှင့် အခြား (၃၂ ဒသမ ၁၀၇၈)တန် စုစုပေါင်း (၅၂ ဒသမ ၀၂၀၄)တန်၊ ယာဉ်/ယန္တရား (၇)စီးနှင့် တရားခံ (၁၅)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ စက်တင်ဘာလ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၅၄/၇ အနီးမှ တရားမဝင် ပျဉ်းကတိုး/ သဒီ/ သစ်စေး/ ဖန်ခါး / နဘဲ ခွဲသား စုစုပေါင်း (၁၅၇)ချောင်း (၁၂ ဒသမ ၆၈၁၈) တန်နှင့် (၁၂)ဘီးယာဉ် (၁) စီးကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services
Mobile Banking Services and i Banking Services
Foreign Banking Services
စိတ်ချရတာ မြဝတီ
Phone No: (01) 2301367, 2301368, 2301452, 2301378




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## တရားဝင်ဇနီးဖြစ်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

တောင်ငူမြို့နယ်၊ ကျွန်းကုန်းကျေးရွာ ဒိုးအင်းလမ်းထိပ်နေ အဘ ဦးသိန်းဝင်း၊ အမိ ဒေါ်သန်းစိန်တို့၏သား မောင်မင်းဇော်စိုင်း ၇/တငန(နိုင်)၁၁၉၃၇၇ နှင့် ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နေ အဘ ဦးနေဝင်း၊ အမိ ဒေါ်နန်းအေးခမ်းတို့၏သမီး မအိဖြူဖြူခိုင် ၇/ကကန(နိုင်) ၀၅၀၈၃၀ တို့သည် ၃၁-၁၂-၂၀၀၆ ရက်နေ့တွင် တရားဝင်လက်ထပ်ထိမ်းမြားထားသောဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မအိဖြူဖြူခိုင်
၇/ကကန(နိုင်)၀၅၀၈၃၀

## ပျောက်ဆုံးကြောင်း

မသီတာလွင်(ဘ)ဦးမောင်ညဏ် ၁၀/ဘလန(နိုင်)၀၉၇၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

## ပျောက်ဆုံးကြောင်း

မသွဲ့သွဲ့အေး(ဘ)ဦးဝင်းရှိန် ၁၀/မဒန(နိုင်)၁၀၉၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

## ဖခင်အမည်မှန်

ရေတာရှည်မြို့၊ အ.ထ.က ရွှေကြက်ယက် Grade-11 မှ မရွှေယမင်းစံ၏ဖခင်အမည်မှန်မှာ ဦးသက် ၇/ရတရ(နိုင်)၁၁၈၈၆၇ ဖြစ်ပါကြောင်း။
ဦးသက်

## ဖခင်အမည်မှန်

ရေတာရှည်မြို့၊ မူလွန်ခင်တန်းကြီး Grade-4 မှ မမေဖူးစံ၏ဖခင်အမည်မှန်မှာ ဦးသက် ၇/ရတရ(နိုင်)၁၁၈၈၆၇ ဖြစ်ပါကြောင်း။
ဦးသက်

## SUN FOREST COMPANY LIMITED
## ကုမ္ပဏီအားဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

ကျွန်ုပ်၏ SUN FOREST COMPANY LIMITED အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် B.A, C.P.A, R.A, I.C.M.A, PART 2(LONDON) လက်မှတ်ရပြည်သူ့စာရင်းကိုင်(စာရင်းစစ်)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

သို့ပါ၍ ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ကြေညာချက်ပါရှိသည့်ရက်မှ (၃၁-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်၍ ခိုင်မာတိကျသော အထောက်အထားများတင်ပြတောင်းခံနိုင်ကြောင်း ကြေညာအပ်ပါသည်။

KYAWT MG
B.A, C.P.A, R.A, I.C.M.A, PART II (LONDON)
Certified Public Accountant & Auditor

## "လင်းထွင့်အောင် ကုမ္ပဏီလီမိတက်"
## လူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ လင်းထွင့်အောင်ကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂-၁၀-၂၀၂၄)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်[နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇]အား ခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁-၁၁-၂၀၂၄)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်အေမီသန်းထွဋ် | ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |
| (အုပ်ချုပ်မှုဒါရိုက်တာ) | အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green |
| လင်းထွဋ်အောင် | Tower ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော် |
| ကုမ္ပဏီလီမိတက် | လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

## ပျောက်ဆုံးကြောင်း

နှင်းဝေဖြိုး(ဘ)ဦးတင်ဆွေ ၅/ယမပ(နိုင်)၁၃၇၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ချောင်း အ.ထ.က(Grade 11) ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် ၈၀၈၄ မောင်ဇာနည်ထွန်း၏ဖခင် ဦးဇော်ထွန်း၏အမည်မှန်မှာ ဦးဇော်ထွန်းဝင်း ၈/တတက(နိုင်)၁၁၅၁၆၂ ဖြစ်ပါကြောင်း။
ဦးဇော်ထွန်းဝင်း

## ပျောက်ဆုံးကြောင်း

မနှင်းနုနုရွှေ(ဘ)ဦးမြင့်တိုး ၁၀/ဘလန(နိုင်)၁၄၇၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

## ပျောက်ဆုံးကြောင်း

ဝေဝေထွန်း(ဘ)ဦးငြိမ်းမောင်ခင် ၅/ရဘန(နိုင်)၂၄၁၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 815263)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၂၂၆၆၃၁၀

## ပျောက်ဆုံးကြောင်း

ရီရီအေး(ဘ)ဦးသန်းရီ ၁၁/ကဖန(နိုင်)၀၇၄၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 005549)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၇၉၉၆၀၅၈

## ပျောက်ဆုံးကြောင်း

လှဲ့ရည်ဝင်းအောင်(ဘ)ဦးသောင်းစိန် ၁၄/မအပ(နိုင်)၂၁၅၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 712320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

ချစ်ပိုင်စိုးအောင်ထွန်း(ဘ)ဦးစိုးအောင်ထွန်း ၁၂/ ဒဂတ(နိုင်)၀၅၇၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 275851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

ငြိမ်းငြိမ်းဝင်း(ဘ)ဦးခင်မောင်ညွန့် ၅/ယမပ(နိုင်)၀၈၄၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

မစုနန္ဒာ(ဘ)ဦးခင်မောင်ထွန်း ၁၂/မရက(နိုင်)၁၃၅၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

စတင့်ဝေစိုး(ဘ)ဦးဖိုးပိ ၁၄/ဝခမ(နိုင်)၃၁၆၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 320203)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အလိမ္မာစာမှာရှိ**


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်
## (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ |
| (ဂ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၅)နေရာ | အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းလက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဂ) အပိုဒ် ၁၊ (က)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်စေရ။
- (ဃ) အပိုဒ် ၁၊ (က)ပါ ရာထူးနေရာအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများဖြစ်ပါက ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်စေရ။
- (င) အပိုဒ် ၁၊ (ခ)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
- (စ) အပိုဒ် ၁၊ (ဂ)ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။
- (ဆ) အပိုဒ် ၁၊ (ခ)(ဂ) ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) ကိုယ်ရေးလျှောက်လွှာ
- (ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
- (ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ
- (ဃ) အပိုဒ် ၁၊ (က)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း/မိတ္တူ
- (င) အပိုဒ် ၁၊ (ခ)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်လက်မှတ်မူရင်း/မိတ္တူနှင့် ယာဉ်မောင်းလိုင်စင် မူရင်း/မိတ္တူ
- (စ) အပိုဒ် ၁၊ (ဂ)ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်လက်မှတ် မူရင်း/မိတ္တူ
- (ဆ) (၂)လအတွင်း ရိုက်ထားသောပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
- (ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်
- (ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်
- (ည) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်)(သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က)ပါ ရာထူးအတွက်လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်ပြီးသူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အပိုဒ် ၁၊ (ခ)ပါရာထူးအတွက်လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (ဂ)ပါ ရာထူးအတွက်လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၁၁-၁၁-၂၀၂၄ ရက်နေ့မှ ၁၄-၁၁-၂၀၂၄ ရက်နေ့အထိ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများလက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်မှ ပေးပို့လာသည့် အလလခ(ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏လျှောက်လွှာများကိုသာ ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များ၌ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်း လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လျှောက်ထားသောရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း၅၀ ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS)တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၃။ ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန်လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။

၁၆။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁ ၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်
## (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူး ကျား(၂၅)နေရာ၊ မ(၁၅)နေရာ၊ စုစုပေါင်း(၄၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၈-၂၀၂၄ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်(၂၈)နှစ်ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက်(၃၀)နှစ်ထက် မကျော်လွန်ရ။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅''၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။
(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂''၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။
(စ) ရေကူးတတ်မြောက်ရမည်။
(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။
(ဇ) အောက်ပါ ဘွဲ့/မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-
  (၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)]
  (၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့[B.A(EPP)]
  (၃) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)၊ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]
  (၄) ဥပဒေဘွဲ့(LL.B)၊ မဟာဥပဒေဘွဲ့(LL.M)
  (၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ဘောဂဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့[M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့[M.Econ.(stats)]/စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(BBA)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MPA)/ လူ့ဦးရေပညာဘွဲ့(BPS)၊ လူ့ဦးရေပညာမဟာဘွဲ့(MPS)
  (၆) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ) [B.A(English, Thai, Japan, Korea, China, French, Russia, German)]၊မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ)[M.A(English, Thai, Japan, Korea, China, French, Russia, German)]
  (၇) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) [B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ) [M.A(IR)]
  (၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့် အထည်)[B.E.(Textile)]၊ မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့် အထည်)[M.E.(Textile)]
  (၉) အင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်)[B.E.(Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်) [M.E.(Mechatronic)]
  (၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E.(Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့(စက်မှု)[M.E.(Mechnical)]
  (၁၁) အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E.(Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)[M.E.(Civil)]
  (၁၂) အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ)[B.E.(Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့် နည်းပညာ)[M.E.(Information Science and Technology)]
  (၁၃) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[B.E.(Information Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[M.E.(Information Technology)]၊
  (၁၄) အင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[B.E.(Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E.(Computer Engineering)]
  (၁၅) သိပ္ပံဘွဲ့(ရူပဗေဒ)[B.Sc(Phys)]၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)[M.Sc(Phys)]
  (၁၆) သိပ္ပံဘွဲ့(ဓာတုဗေဒ)[B.Sc(Chem)]၊ မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)[M.Sc(Chem)]
  (၁၇) သိပ္ပံဘွဲ့(သင်္ချာ)[B.Sc(Maths)]၊ မဟာသိပ္ပံဘွဲ့(သင်္ချာ)[M.Sc(Maths)]
  (၁၈) သိပ္ပံဘွဲ့(ရုက္ခဗေဒ)[B.Sc(Botany)]၊ မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ)[M.Sc(Botany)]
  (၁၉) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc(Zoology)]၊ မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)[M.Sc(Zoology)]
  (၂၀) သိပ္ပံဘွဲ့(ဘူမိဗေဒ)[B.Sc(Geology)]၊ မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ)[M.Sc(Geology)]
  (၂၁) သိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[B.Sc(IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[M.Sc(IC)]
  (၂၂) စိုက်ပျိုးရေးသိပ္ပံဘွဲ့[B.Agr.Sc (Agriculture Science)]၊ စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့[M.Agr.Sc (Agriculture Science)]
  (၂၃) သိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[B.Sc(Environmental Science)]၊ မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့[M.Sc (Environmental Science)]
  (၂၄) သိပ္ပံ(ဇီဝဓာတုဗေဒ)[B.Sc(Biochemistry)]၊ မဟာသိပ္ပံ(ဇီဝဓာတုဗေဒ)[M.Sc(Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ
(င) ပညာအရည်အချင်းအတွက် ဘွဲ့/မဟာဘွဲ့လက်မှတ် မူရင်း/မိတ္တူ
(စ) (၂)လအတွင်းရိုက်ထားသော ပတ်စ်ပို့အရွယ်(၁.၂'' x ၁.၄'')ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်
(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါ၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၄-၁၁-၂၀၂၄ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် လမ်း၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအောက်ဖော်ပြပါ မြို့နယ်**အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၃၇၆၃ | ဖန်းမော် | - | ၀၇၄-၅၀၂၈၆ | လွိုင်ကော် | - | ၀၈၃-၂၂၂၁၁၇ |
| မြဝတီ | - | ၀၅၈-၅၀၀၂၄ | ဘားအံ | - | ၀၅၈-၂၁၈၀၈ | ဟားခါး | - | ၀၇၀-၂၁၈၀၉ |
| မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ | ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ | စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ |
| မောင်တော | - | ၀၄၃-၅၅၀၂၁ | လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | - | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ | တာချီလိတ် | - | ၀၈၄-၅၁၀၀၅ |
| မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ | မုံရွာ | - | ၀၇၁-၂၁၁၆၁ | တမူး | - | ၀၇၃-၄၀၀၀၇ |
| မြိတ် | - | ၀၅၉-၄၁၀၀၂ | ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | - | ၀၅၉-၅၁၀၀၅ |
| ပဲခူး | - | ၀၅၂-၆၅၄၅၅ | မကွေး | - | ၀၆၃-၂၈၇၁၆ | မန္တလေး | - | ၀၂-၄၀၇၀၃၂၇ |
| ပုသိမ် | - | ၀၄၂-၂၁၀၀၈ | နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ | | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၁၈-၁၁-၂၀၂၄ရက်နေ့မှ ၂၂-၁၁-၂၀၂၄ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအထက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင်အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်ဖြစ်ပါသည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်း လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၄၉ လမ်းနှင့် လမ်း၅၀ကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာကျွမ်းကျင်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။ အလုပ်သင်(၁)နှစ်ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူးရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည် ဖြစ်ပါသည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

---


### "စိန်လမ်းဆုံကုမ္ပဏီလီမိတက်"
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ စိန်လမ်းဆုံကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂-၁၀-၂၀၂၄)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇]အား ခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁-၁၁-၂၀၂၄)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

**ချန်ကောက်စင်(ခ)**
**ဦးဝင်းသန်း**
**(အုပ်ချုပ်မှုဒါရိုက်တာ)**
**စိန်လမ်းဆုံကုမ္ပဏီလီမိတက်**

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### "ရွှေလမ်းဆုံကုမ္ပဏီလီမိတက်"
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ ရွှေလမ်းဆုံကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂- ၁၀-၂၀၂၄)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇]အား ခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁-၁၁-၂၀၂၄)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

**ဦးဝင်းသန်း**
**(အုပ်ချုပ်မှုဒါရိုက်တာ)**
**ရွှေလမ်းဆုံကုမ္ပဏီလီမိတက်**

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### "ခေတ်သစ်နိုင် ကုမ္ပဏီလီမိတက်"
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)၊ ပုဒ်မ(က)၊ ပုဒ်မခွဲငယ်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ ခေတ်သစ်နိုင်ကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂-၁၀-၂၀၂၄)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၅၂၈၇]အား ခန့်ထားရန်ဆုံးဖြတ်ကြပါသည်။
၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁-၁၁-၂၀၂၄)နေ့ နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

**ဦးရဲဝင့်နိုင်**
**(အုပ်ချုပ်မှုဒါရိုက်တာ)**
**ခေတ်သစ်နိုင်ကုမ္ပဏီလီမိတက်**

**ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**
**အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green Tower ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ပျောက်ဆုံးကြောင်း
နိုင်းနိုင်းအောင်(ဘ)ဦးအောင်ငွေး ၁၄/ဝခမ(နိုင်)၃၁၇၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မြင့်မြင့်ခင်(ဘ)ဦးမောင်မြင့် ၉/ရမသ(နိုင်)၁၅၉၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 873987)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၇/၃)ရပ်ကွက်၊ ဒက္ခိဏာသာခါဘုရားလမ်းနေ ဦးဖေညွန့်၏သား ဦးသီဟညွန့် ၇/ပခန(နိုင်)၀၀၀၄၅၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၁၉၇၀ ဖြစ်ပါကြောင်း။ ၂၅-၁၂-၁၉၇၀

### ပျောက်ဆုံးကြောင်း
ဆိုင်းနူးအောင်(ဘ)ဦးလမောင်ခါးမိုင် ၁/မကန(နိုင်)၂၃၇၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုးမင်းကြိုင်(ဘ)ဦးလှကြိုင် ၁၂/ဥကမ(နိုင်)၁၀၃၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(272537)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးတင်ဟန်(ဘ)ဦးကျော်ဝင်း ၈/နမန(နိုင်)၁၄၄၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

# အနီကတ်ပြစ်ဒဏ်အယူခံအောင်မြင်သည့်အတွက် မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ် ပွဲပယ်ပြစ်ဒဏ် ကျခံရမည်မဟုတ်




**မန်ချက်စတာ အောက်တိုဘာ ၂**

မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ် အနေဖြင့် အနီကတ်ပြစ်ဒဏ်အယူခံတင်သွင်းရာ အောင်မြင်သည့်အတွက် ပွဲပယ်ပြစ်ဒဏ်ကျခံရမည်မဟုတ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အဖြစ် ကစားသည့် မန်ယူအသင်းက အိမ်ကွင်း၌ စပါးအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်တွင် ပထမပိုင်းပြီးဆုံးခါနီး ပွဲချိန် ၄၂ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ် စပါးအသင်းမှ ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကို ဖျက်ထုတ်ပုံကြမ်းတမ်းသည့်အတွက် ကွင်းလယ်ဒိုင်လူကြီး ခရစ်ကာဗာနက်စ်က တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်စ်၏ စပါးအသင်းနှင့်ပွဲစဉ်တွင် ပြသခံရသည့် အနီကတ်ပြစ်ဒဏ်မှာ ၎င်း၏ မန်ယူအသင်းကစားသမားသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အနီကတ်ပြခံရခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်မှာ ဘရူနိုဖာနန်ဒက်စ်သည် ဂျိမ်းစ်မက်ဒီဆင် ဘောလုံးဆွဲပြေးသည်ကို လျှောထိုးဟန့်တားခဲ့ရာ အရှိန်လွန်ပြီး ဖျက်ထုတ်ပုံကြမ်းတမ်းသည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်စ်၏ဖျက်ထုတ်ပုံမှာ အဝါကတ်သာပြသပြီး သတိပေးမှုပြုလုပ်နိုင်မည်ဖြစ်သော်လည်း ကွင်းလယ်ဒိုင်လူကြီးက ဗီဒီယိုအကူစနစ်(VAR)ပင် ပြန်လည်မကြည့်ရှုဘဲ တိုက်ရိုက်အနီကတ်ပြရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်အပြီးတွင် မန်ယူအသင်းက ဘရူနိုဖာနန်ဒက်စ်၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံတင်သွင်းရာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဘရူနိုဖာနန်ဒက်စ်သည် အစောပိုင်းက အနီကတ်ပြစ်ဒဏ်ကြောင့် အောက်တိုဘာလ ၆ ရက်တွင် ကစားမည့် အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်၊ အောက်တိုဘာလ ၁၉ ရက်တွင်ကစားမည့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ကစားမည့် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်သုံးပွဲကို လွဲချော်ရမည်ဖြစ်သော်လည်း ယခုအခါ ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ဘရူနိုဖာနန်ဒက်စ်၏ အနီကတ်ပြစ်ဒဏ်ကို ပြန်လည်ပယ်ဖျက်ပေးခဲ့သည့်အတွက် အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင်လည်း ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# ရီးယဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား ကာဗာဂျယ်နှင့်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမည်

**မက်ဒရစ် အောက်တိုဘာ ၂**

ရီးယဲလ်မက်ဒရစ်အသင်းသည် ဝါရင့်ခံစစ်ကစားသမား ကာဗာဂျယ်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ကာဗာဂျယ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၁၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး အသင်းတွင် အစောပိုင်းက ကစားခွင့်နည်းပါးခဲ့ပြီး လေဗာကူဆင်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

လက်ရှိကာဗာဂျယ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန် လာမည့် ၂၀၂၅ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ကာဗာဂျယ်ကိုယ်တိုင်ကလည်း အသင်းတွင် ဆက်လက်ကစားလိုသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်နေခြင်းဖြစ်သော်လည်း ဝါရင့်ကစားသမားတစ်ဦးဖြစ်သောကြောင့် ကာလတိုစာချုပ်ဖြစ်သည့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်စီးတီးအသင်းက ကွင်းလယ်ကစားသမားရိုဒရီ၏နေရာ၌ အစားထိုးရန် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဒီဂျောင်းကို ခေါ်ယူရန်စီစဉ်

**မန်ချက်စတာ အောက်တိုဘာ ၂**

မန်စီးတီးအသင်းက ဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိအနားယူရမည့် ကွင်းလယ်ကစားသမား ရိုဒရီ၏နေရာ၌ အစားထိုးရန် ဘာစီလိုနာအသင်းမှ ဒီဂျောင်းကို လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားသည့်ပွဲစဉ်တွင် ဒူးအရွတ်စုတ်ပြဲ ဒဏ်ရာရရှိခဲ့သည့်အတွက် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်သောကြောင့် မန်စီးတီးအသင်း ကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များရှိနေသဖြင့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ရိုဒရီ၏နေရာ၌ အစားထိုးရန် ကစားသမားရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

ဒီဂျောင်းအနေဖြင့်လည်း ဘာစီလိုနာအသင်းတွင် အစောပိုင်းနှစ်အပြောင်းအရွှေ့ကာလများက အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်ခဲ့ပြီး ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် မြင့်မားသည့်လုပ်ခလစာပေးချေနေရသည့် ဒီဂျောင်းကို ရောင်းချလိုနေပြီး ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ရောင်းချရန် စီစဉ်ခဲ့သော်လည်း ဒီဂျောင်းကိုယ်တိုင်က အသင်းမှ မထွက်ခွာလိုသည့်အတွက် မရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ဒီဂျောင်းအနေဖြင့်လည်း မန်စီးတီးအသင်းက ခေါ်ယူမည်ဆိုပါက ဘာစီလိုနာအသင်းမှ ထွက်ခွာဖွယ်ရှိသည့်အတွက် မန်စီးတီးအသင်းကခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်နေပြီး ဒီဂျောင်းအပြင် ဆိုစီဒက်စ်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကိုလည်း ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Topskills sports*

# လီဗာပူးအသင်းက အသင်းခေါင်းဆောင် ဗန်ဒိုက်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်စီစဉ်ထား

**လန်ဒန် အောက်တိုဘာ ၂**

လီဗာပူးအသင်းက အသင်းခေါင်းဆောင် ဗန်ဒိုက်ကို ၂၀၂၈ခုနှစ် ဇွန်လအထိ သုံးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်စီစဉ်ထားကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဗန်ဒိုက်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

ဗန်ဒိုက်သည် လီဗာပူးအသင်း ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ကာ တစ်ဦးချင်းဆုတံဆိပ်များအဖြစ်လည်း ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအပါအဝင် တခြားဆုတံဆိပ်များစွာကိုလည်း ဆွတ်ခူးခဲ့သူဖြစ်သည်။

ဗန်ဒိုက်သည် နည်းပြဟောင်း ကလော့လက်ထက်ကတည်းက အသင်း၌ အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး လက်ရှိနည်းပြ ဆလော့လက်အောက်တွင်လည်း အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်လျက်ရှိသည်။

ဗန်ဒိုက်နှင့် လီဗာပူးအသင်းတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် လီဗာပူးအသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လို၍ နောက်ထပ် သုံးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;One Football*



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂-၁၀-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နာမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၁၅။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်မြသီမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၆၁၆။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင် (မြတ်ရွှေကမ္ဘာကုမ္ပဏီလီမိတက်)မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၆၁၇။ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ နိုင်ငံ့ဝန်ထမ်းဟောင်းများ (မြို့ပြ)အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းမှ အသင်းသားများကောင်းမှု | ၉၀၀၀၀၀ |
| ၉၆၁၈။ | ကွယ်လွန်သူဒေါ်တင်အားရည်စူး၍ ခင်ပွန်းဦးချစ်သန်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၆၁၉။ | ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့် အသင်းသား၊ အသင်းသူများမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၆၂၀။ | ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၂)မှ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၁။ | ကွယ်လွန်သူ ဦးအုန်းရှိန်နှင့် ဒေါ်ခင်အေးမြင့်တို့အား ရည်စူး၍ သား၊ သမီးများကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၂။ | တပ်ကြပ်ကြီးစာရေး လှဝင်းနှင့်ဇနီး ဒေါ်စိုးစိုးခိုင်၊ (သမီး)မသိင်္ဂီရွှေရည်၊ မဇင်လဲ့လဲ့ထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၃။ | ကွယ်လွန်သူ ဦးခင်ညွန့်နှင့် ဒေါ်ဂွမ်း၊ အစ်ကို၊ အစ်မများအားရည်စူး၍ ကျန်ရစ်သူ သား၊ သမီးများကောင်းမှု | ၁၅၀၀၀၀ |
| ၉၆၂၄။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဌေးကြည်၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၂၅။ | ကိုကြံတိုင်းအောင်နှင့်ဇနီး မမေသူကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၆။ | ရွှေနန်းသုခမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၇။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးချမ်းမြေ့အောင်နှင့်ဇနီး ဒေါ်နှင်းအိအိဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၈။ | ဦးမျိုးသီဟနှင့်ဇနီး ဒေါ်ဇင်မီမီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၉။ | ဦးသန်းကျော်နှင့်ဇနီး ဒေါ်ခင်စန္ဒာ၊ သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၀။ | ကိုဝေယံထွန်းနှင့်ဇနီး မနန်းနန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၁။ | ဗိုလ်မှူးကြီးသန့်စင်အောင်နှင့်ဇနီး ဒေါ်ဝင်းလဲ့အေး၊ (သား) မောင်အောင်ခန့်ငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၂။ | ဗိုလ်မှူးကြီးကျော်ဇင်ဦးနှင့်ဇနီး ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၃။ | မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မတို့အားဦးထိပ်ထား၍ ဗိုလ်မှူးအောင်ကျော်ထူးနှင့်ဇနီး ဒေါ်နန်းခမ်းမိုးအောင်၊ (သမီး)မနန်းစုရတီလင်း၊(သား)မောင်ရဲရင့်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၄။ | ဗိုလ်မှူးကျော်လင်းထက်နှင့်ဇနီး ဒေါ်မြတ်သိင်္ဂီထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၅။ | ကွယ်လွန်သူ ဦးခင်မောင်တင့်အားရည်စူး၍ ဦးဉာဏ်လင်းနှင့်ဇနီး ဒေါ်ဖြိုးသဇင်ခိုင်၊(သမီး)မနေခြည်လင်းဖြိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၆။ | ကွယ်လွန်သူ ဦးအောင်ခင်အားရည်စူး၍ ဒေါ်ချောစိန်၊ (မြေး) မနေခြည်ဝင့်ထိန်၊ မဂျူးဂျူးခင်၊ မယွန်းအိမ်မှူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၇။ | ကွယ်လွန်သူ ဦးလှမြင့်အားရည်စူး၍ ဒေါ်မြရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၈။ | ဦးအောင်ကြည်နှင့်ဇနီး ဒေါ်ကြည်ကြည်ဆင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၉။ | ဒုတိယရဲမှူးကြီးမြင့်မောင်နှင့်ဇနီး ဒေါ်သိမ့်ထူးအိမ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၀။ | ဦးရဲလင်းအောင်နှင့်ဇနီး ဒေါ်နန်းအိနန္ဒီခမ်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၁။ | ကွယ်လွန်သူ ဦးကြည်မောင်အားရည်စူး၍ ဒေါ်ကြည်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၂။ | ကွယ်လွန်သူ ဦးသာအေးနှင့် ဒေါ်ရီတို့အားရည်စူး၍ (သား) မောင်လှဝင်းကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၃။ | ဦးမိုးမင်းဝင်းနှင့်ဇနီး ဒေါ်ကေခိုင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၄။ | မောင်ဈာန်ရဲမင်းဦးနှင့်ဇနီး မယွန်းနဒီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၅။ | မချစ်မိုးမွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၆။ | ဦးမျိုးမင်းထွန်းနှင့်ဇနီး ဒေါ်ပန်းအိစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၇။ | ဦးဇော်ဇော်မင်းနှင့်ဇနီး ဒေါ်ခိုင်ဆွေလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးမိုးအောင်နှင့်ဇနီး ဒေါ်သက်စုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၉။ | ဦးကျော်လှိုင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၀။ | ဒေါက်တာ ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ခင်မေတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၁။ | ကွယ်လွန်သူ မသဇင်မိုးအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၂။ | ဦးအောင်ဆန်းနှင့်ဇနီး ဒေါ်ခင်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၃။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၄။ | ကွယ်လွန်သူဦးတင်မြင့်၊ ဦးဝင်းဗိုလ်၊ ဦးအောင်ထွန်းမြင့်နှင့် ဒေါ်ကြီးတင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၅။ | မိခင်ကြီးဒေါ်ခင်ညွန့်အားဦးထိပ်ထား၍ မနှင်းနှင်းအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၆။ | မယုသဒ္ဓါမေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၇။ | ဦးတင်အောင်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၈။ | ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၉။ | ဦးစန်းဟန်နှင့်ဇနီး ဒေါ်ခက်ဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၀။ | ဦးအောင်မြတ်ဖြိုးနှင့်ဇနီး ဒေါ်နှင်းနှင်း၊ (သမီး) မတည်ကြည်မေမြတ်ဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၁။ | ဦးမောင်စိုးနှင့်ဇနီး ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၂။ | ကွယ်လွန်သူ ဖွားဖွားဒေါ်ပု(ခ) ဒေါ်တင်စိန်အားရည်စူး၍ သား၊ သမီး၊ မြေးများကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၃။ | ကွယ်လွန်သူ ဦးသန်းအောင်အားရည်စူး၍ ဒေါ်ငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၄။ | ဦးခင်မောင်ဆွေနှင့်သားများ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁ဝ၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ဝ၉-၆၆၄ဝဝဝဝ၄၁၊ ဝ၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆**


### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)၊ အောင်မြေရွှေဘိုနေ ဦးအောင်အောင်ဌေး (ဘ)ဦးအောင်စံမြ ၁၁/ကတန(နိုင်) ဝ၇၉၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 669271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-ဝ၉-၇၉၁၈၅၂၂၉၇

### ပျောက်ဆုံးကြောင်း

ဂန့်ဂေါမြို့နယ်၊ သာစည်ရွာနေ မဆွေဆွေဖြိုး(ဘ)ဦးဗိုလ်ဝင်း ၈/ဂဂန(နိုင်)၁၃၃၇ဝ၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 218299) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၇၉၁၈၅၂၂၉၇

### ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့၊ ကမာဖရန်ကျေးရွာနေ ဝေဇော်မိုး(ဘ)ဦးသာအောင် ၇/သနပ(နိုင်) ၁၃၈၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်နေ ဌေးဌေးသင်း(ဘ)ဦးခင်ဝင်းအောင် ၇/ပခန(နိုင်)၂၇၁၅ဝ၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်နေ အေးသီတာဦး(ဘ)ဦးမြင့်ဌေး ၇/ပခန(နိုင်)၄၂၉၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၂ဝ၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခတ္တရာလမ်း၊ အမှတ်(၁၁၅၄)နေ နိုင်လင်းကျော်(ဘ)ဦးသံချောင်း ၁၂/ဥကတ(နိုင်)၁၆ဝ၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၂၅၄ဝ၆၇၈၁၁

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော် လည်းကောင်း၊ မိမိဘဝ၊ မိမိမိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန်မဖြစ်နိုင် . . .**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကိုဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီး . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မြန်မာ့သိုင်းပြိုင်ပွဲ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသောအားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဂျူဒိုပြိုင်ပွဲဆုပေးပွဲ **စာမျက်နှာ ၁၇ ကော်လံ ၁ ➩**



လှိုင်ကော်မြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးစဉ်။

**ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း** စာ-၅သို့



## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ ◆**

**နိုင်ငံ တကာ သတင်း**

**အီရန်က အစ္စရေးကို အသံနှုန်းလွန်ဒုံးကျည်များ အသုံးပြုတိုက်ခိုက်ဟု အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ထုတ်ပြန်** စာ - ၂၂ သို့

**ထိုင်ဝမ်ကျွန်းသို့ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း “ကရတ်သွန်” နီးကပ်လာ အလုပ်များ၊ ကျောင်းများအားလုံးကို ပိတ်မည်** စာ - ၂၃ သို့

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..